# ပင်တေကုတ္တေ ကျဆုံးရာနေရာ ကျွန်တော့်အတွေး

**စန်းန်ဖာနန်ဒို၊ ကယ်လီဖိုးနီးယား၊ အမေရိကန်။**

**၅၅ - ၁၁၁၁**

1 ၁။ ကိုယ်တော်ကိုချီးမွမ်းပါတယ်။အာမင်။ အဲဒါသင့်တော်တယ်လို့ ကျွန်တော်ထင်ပါတယ်။ (ပရိသတ်ကလက်ခံကြပါ တယ်)သိပ်ကောင်းပါတယ်။ အို ဒီလိုသီချင်းဆိုတာကို ကျွန်တော်တညလုံးနားထောင်ချင်ပါတယ်။ညီအကိုတဦးက ကျွန်တော်ကိုပြောပါတယ်။ ဒီတဲနောက်ဖက်မှာသူတို့ဓါတ်ပြားမှတ်တမ်းတင်ထားတာတွေ အားလုံးရှိပါတယ်။ သင့်ကို ကျွန်တော်ပြောပါမယ်။နိုင်ငံထဲမှာ ဒီဓါတ်ပြားမှတ်တမ်းတွေက ခင်ဗျားတို့ဘယ်လောက်ကောင်းကောင်းသိသလဲဆိုတာကျွန်တော်မသိပါ။ နာမည်တော့ကြီးနေပါတယ်။ BingCroshy ရုပ်ရှင်မှာနာမည်ကြီးသလိုပဲ ဧဝံဂေလိသမားတွေကြားမှာ နာမည်ကြီးနေပါတယ်။ကျွန်တော်အတွက်သာ ကျွန်တော်ရည်ရွယ်ပါသည်။ သူတို့ဆီကမှတ်တမ်းတွေရနိုင်သလောက်ရအောင်ကြိုးစားပါတယ်။ ဒီညီအစ်ကိုတွေ သီချင်းဆိုတာကိုဓါတ်ပြားထုတ်ထားပါတယ်။

သင်ကောင်းကင်နိုင်ငံရောက်လို့ကျွန်တော်ကိုပါ အပေါ်ကိုခေါ်သွားချင်ရင် ကျွန်တော်ကို ဘယ်မှာရှာရမလဲဆို တာကိုပြောပြပါတယ်။ ထိုနေရာမှာ အသက်မြစ်စီးဆင်းရာနေရာရှိပါတယ်။အမြဲစိမ်းသစ်ပင်များပေါက်နေပါတယ်။ အဲဒီ အရွက်ကိုယူပြီး သူတို့ကလူမျိုးတကာကိုအနာငြိမ်းစေပါတယ်။အခြားတဖက်ကမ်းမှာ ကောင်းကင်တမန်များ သံစုံသီချင်း သီဆိုနေကြပါတယ်။ အလွန်ကောင်းသောအသံများဖြစ်သည်။ တဖက်လမ်းသို့ရောက်နှင့်ကြသော Ermal Einar နှင့် Sankey တို့၏အသံများဖြစ်ကြသည်။

2 ၂။ တောင်ကုန်း၏အခြားတဖက်မှာအပင်ငယ်လေးတပင်ရှိပါတယ်။ ထိုအပင်ကလေးကို ကျွန်တော်မှီ၍ ရပ်နေပြီးသူတို့သီချင်းသံကိုနားထောင်နေပါမည်။ ထိုနေရာမှာ သင်တွေ့ပါမည် ... (ဘရာသာဗရမ်ဟမ်ရယ်သည်) အို ကျွန်တော်သာ သီချင်းဆိုနိုင်ပါကကျွန်တော်မမြဲဆိုချင်သောသီချင်းတပုဒ်ရှိပါသည်။ ကျွန်တော်အလွန်နှစ်သက်ပါသည်။ Amazing Grace အံ့ဖွယ်ကျေးဇူးတော်၊ကျွန်တော်သီချင်းမဆိုနိုင်ပါ။ အိုဖြစ်ရလေ။

သင်တို့အိမ်တော်ကို ပြန်ရောက်ပါကသင်တို့အများစုမှာ ကျွန်တော်သက်သေရောက်ပါက သင်တို့ရဲ့နန်းတော်ကြီးထဲမှာနေထိုင်ပြီး တနေရာရာက တောင်ကုန်းကိုဖြတ်ပြီး ပဲ့တင်သံကြားရပါမယ်။တောင်ကုန်းတဖက်ကို မျှော်ကြည့်၍ ကျွန်တော့်တဲကလေးကိုတွေ့ရပါတယ်။ အမြဲစိမ်းသစ်ပင်နားကြားနေရာမှာပါ။ ကျွန်တော်အိမ်ရှေ့ပေါ်တီကိုအောက်မှာ ရပ်၍သီချင်းဆိုနေပါသည်။ အံ့ဖွယ်ကျေးဇူးတော် ချိုသာလှသောအသံဖြစ်သည်။ သင်ကပြောပါမည် 'ကိုယ်တော်ကိုချီးမွမ်းပါ။ ဘရာသာဗရမ်ဟမ်ကြီးတော့ နောက်ဆုံးလုပ်နိုင်ခဲ့ပြီ။ တဖက်ကမ်းမှာ ကျွန်တော်ရှိနေပြီးအံ့ဖွယ်ကျေးဇူးတော်နှင့်ရှိရပါမည် '

ကျွန်တော်ထိုနေရာသို့ရောက်ပါကအံ့ဖွယ်ကျေးဇူးတော်ပါ။ ကိုယ်တော်၏ကျေးဇူးတော်က ကျွန်တော်အတွက် ဆောင်ယူလာပါသည်။ ကိုယ်တော့်ကျေးဇူးတော်ဖြင့်သာ ကျွန်တော်သွားရပါသည် ယနေ့ည ကျွန်တော်ယုံကြည်သောနည်းလမ်းပါ။ သင်လည်းထိုသို့သော ပြုလုပ်ကြောင်းကျွန်တော်သိပါသည်။ သီချင်းဆိုတာကိုကျွန်တော်တို့နှစ်သက်ပါ သည်။

ဤအေးစက်သောခံစားမှုကိုကျွန်တော်ယူဆောင်လာတာကမဟုတ်ပါ။ မမျှော်လင့်ပါ။

3 ၃။ မြို့ရဲ့ခရစ်ယာန်လုပ်ငန်းရှင်တွေနဲ့ကျွန်တော် ဒီမနက်စည်းဝေးခွင့်ရပါတယ်။ မိဿဟာယတခုမှာပါဘဲ။ နှစ်ခြင်း၊ မက်သဒစ်၊ ပရက်စီပီတေးရီးယန်း၊ ဆရာဝန်များ၊ ရှေ့နေများနဲ့အခြားသူများပါဝင်ပါတယ်။သင်တို့ပင်တေကုတ္တေအဖွဲ့တွေ မြန်မြန်လုပ်ဖို့ကောင်းတယ်။ သူတို့လည်း လာကြပါပြီ။တကယ်ဘဲ မိဿဟာယဖွဲ့ခွင့်ရပါတယ်။ တကယ်ကောင်းမြတ်တဲ့ ခရစ်ယာန်ညီအစ်ကိုတွေဖြစ်ပြီး glendale လို့ခေါ်တဲ့ဒီမြို့ကလေးမှာဘဲဖြစ်ပါတယ်။

မနက်ဖြန်မနက်မှာကျွန်တော်တို့ဧဝံဂေလိအပြည့်လုပ်ငန်းရှင်မိဿဟာယမှာ လော့စ်အင်ဂျလိစ်မြို့ကိုကျွန်တော် ထင်ပါတယ် cliftan'sမှာပါ(ဘရာသာဗရမ်ဟမ်ကဘေးလူကိုပေးပါတယ်။ Clifton'sဟုတ်သလား) Clifton's မှာပါ။ ဤစည်းဝေးပွဲများမှာ ကျွန်တော်တို့လက်များကို ပျားရည်ချိုင့်ထဲထည့်ကြပါတယ်။အမှုတော်ဆောင်တိုင်းနဲ့ လုပ်ငန်းရှင်တိုင်း သိကြမယ်လို့ကျွန်တော်ခန့်မှန်းမိပါတယ်။

ပျားရည်ချိုင့်ထဲလက်ထည့်တာဘာအဓိပ္ပါယ်လဲဆိုတာ သင်တို့သိကြပါသလား။ ကျွန်တော်ပြောပြပါမယ်။ ဘယ်နှစ်ယောက်ငါးဖမ်းလိုပါသလဲ။ ဒါကိုမပြောခင်သိချင်တယ်.. တံငါသည် ကောင်းပါပြီ။ကိစ္စမရှိပါဘူး။ တရားဟောဆရာက ငါးဖမ်းတာ အန္တရာယ်မရှိဘူး။ မဟုတ်လား။

4 ၄။ တခါကကျွန်တော်New Hanpshine ကိုတက်သွားပါတယ်။ကျွန်တော်ငါးဖမ်းတာကိုနှစ်သက်တယ်။ အထူးသဖြင့် ငါးဇင်ရိုင်းဖမ်းတယ်။ငါးပုံတွေဖမ်းတယ်။ တနေ့ထိုနေရာမှာ ကျွန်တော်တဲကလေးတလုံးတွေ့တယ်။ သုံးရောက်လောက်ရှိပါပြီ။ ခေါက်တဲအိုကလေးထဲမှာနေရပါသည်။ နွေဦးပေါက်ရာသီဖြစ်ပြီး ချောင်းထဲမှာငါးဇင်ရိုင်းကြီးများပွက်နေပါသည်။

တမနက်မှာ နေ့လည်ရောက်သည့်အထိကျွန်တော်မိုးမခတောထဲသွားပါသည်။ လက်ကိုင်ရဲတင်းယူသွားပြီး လမ်းမပျောက်အောင်အမှတ်အသားလုပ်သွားရပါသည်။ လှည်းကလေးများပင်လျှောင်အပြန်လမ်းကိုမမှတ်မိတတ်ကြပါ။ ကျွန်တော် ငါးများပါသည်။ ကိုးနာရီထိုးမှပြန်လာပါသည် 'ငါပြန်ပြီး pancake တွေလုပ်မယ် ' ဟုပြောမိသည်။ 'ကျွန်တော်က အရမ်း အချက်အပြုတ်တော်ပါတယ်။ သို့သော် သင်ကလူလုပ်ရပါမယ် '

5 ၅။ ကျွန်တော်တဲပေါ်ပြန်ရောက်သောအခါတဲနေရာမှာပြိုပျက်နေပါသည်။ ဝက်ဝံမကြီးတစ်ကောင်နှင့်ကလေးနှစ် ကောင်ကို တွေ့ရပါသည်။ တဲကလေးကိုဖျက်ဆီးပစ်လိုက်ကြသည်။ သူတို့စားစရာမဟုတ်ပါ။ သူတို့ဖျက်စရာဖြစ်နေပါသည်။သူတို့ ... မီးပိုပိုက်ကိုထိခိုက်မိပါကသူတို့ရိုက်ပစ်ပြီးသေးသွားအောင် လုပ်မည်။ ကျိုးပဲ့သွားပါမည်။

ကျွန်တော်တက်လာသောအခါဝက်ဝံမကြီးကအနံ့ရသဖြင့်ထွက်ပြေးသွားသည်။ ဝက်ဝံကလေးများကိုခေါ်သဖြင့် တစ်ကောင်က မိခင်နောက်ပြေးလိုက်သွားပါသည်။အားလုံးမြေကြီးပေါ်မှာပြားပြားဝပ်နေသည်။ မိခင်ဝက်ဝံမကြီးအနည်း ငယ်ပြေးသွားပြီးထိုင်ချလိုက်ပြီးအခြားဝက်ဝံကလေးကိုအော်ခေါ်နေသည်။ ဝက်ဝံကလေးကမလှုပ်ပါ။ ကျွန်တော့်ကိုကျော ပေး၍ထိုင်နေသည်။ ဝက်ဝံကလေးကိုကြည့်ရန် ကျွန်တော်အနားတိုးသွားပါသည်။ကပ်မသွားပါ။ ကလေးကြောင့် ဝက်ဝံ မကြီး ကျွန်တော့်ကိုလုပ်ပါမည်...

ကျွန်တော့်မှာနှစ်ဆယ့်နှစ်ရိုက်ဖယ်သေနတ်တလက်ရှိသည်။ဝက်ဝံမကြီးကို ဖယ်လိုဖါးတောထဲမှာမိခင်မဲ့ဝက်ဝံက လေးနှစ်ကောင်ကိုချန်မထားလိုပါ။ကျွန်တော်ကို.... သစ်ပင်လည်းမရှိပါ။ ကျွန်တော့်ထက်သူမကသစ်ပင်တက်ကျွမ်းပါ သည်။ သူမလမ်းမှာ ကျွန်တော်လမ်းမဖယ်ပေးနိုင်ပါ။ သူမကိုလည်းစိတ်မဆိုးစေချင်ပါ။

6 ၆။ ကျွန်တော်ပတ်လျှောက်ကြည့်နေမိသည်။ဝက်ဝံကလေးဘာဖြစ်နေကြောင်း ကျွန်တော်သိလိုပါသည်။ သူမလှုပ်ပါ။ ထိုနေရာမှာပဲထိုင်နေပါသည်။ သူ့လက်များကိုတခုခုလုပ်နေပါသည်။ သူဘာလုပ်မှန်း ကျွန်တော်မသိပါ။

ကျွန်တော်အမြဲတမ်းဆောင်ထားသောဂါလံပုံးတပုံးရှိပါသည် ...(သို့)ဂါလံဝက်ရေပုံးအပြည့်ပျားရည်များပါ။ပျားရည် များဖြင့် နှစ်ခြင်းများကိုတည့်မတ်စွာထုတ်နိုင်ပါသည်။ pancake များလုပ်သောအခါကျွန်တော်ဆွဲထုတ်ရပါသည်။ မမှန်းပါ။ သူတို့ကိုရေနှစ်ပါသည်။ ညီအစ်ကို။သူတို့အပေါ်လောင်းချပါသည်။ သူတို့အပေါ်သို့ပျားရည်များစွာ လောင်းချပါသည်။

ကျွန်တော်မှာပုံးအကြီးနှင့်ပျားရည်အပြည့်နှင့်ရှိပါသည်။ဝက်ဝံကလေးများ(ဝက်ဝံကပျားရည်အရမ်းကြိုက်ပါတယ်) သူပုံးအဖုံးကိုဖွင့်၍ လက်ထဲမှာပုံးကိုပိုက်ထားသည်။ ပုံးထဲသို့လက်ဖဝါးဖြင့် နှိုက်၍လျက်နေပါသည်။ သူ ကျွန်တော်ကိုလှည့်ကြည့်သောအခါ မျက်လုံးမဖွင့်နိုင်ပါ။ စေးကပ်နေပါသည်။ ပျားရည်များခေါင်းပေါ်မှဗိုက်အထိစီးကျ၍ ခြေထောက်အထိ ရောက်သည်။ သူလက်ဖြင့်နှိုက်၍ လျက်နေသည်။

သူကျွန်တော်ကိုပတ်ကြည့်သည်။ကျွန်တော်စဉ်းစားနေမိပါသည်။ ပျားရည်ရက်လျှင် ဘာမှတရားစီရင်စရာမရှိပါ။ ရှေးကျသောစည်းဝေးပုံစံမျိုးတဟုတ်ပါက ဘုရားစေလွှတ်သောရှေးဟောင်းပင်တေ္တကုတ္တေစည်းဝေးမဟုတ်ပါ။ ဆက်ပြီး လျက်နိုင်ပါသည်။ သူတို့အတွက်တရားစီရင်စရာမရှိပါ။

မကြာမီ သူဗိုက်ပြည့်သွားသောအခါ ရေပုံးကိုချထားလိုက်သည်။သူ့မိခင်က သူ့ကိုဆက်၍ခေါ်နေသည်။ ဘာဖြစ် သလဲသိလား။ သူ့မိခင်ထံရောက်သောအခါသူ့မိခင်နှင့်ညီလေးက သူ့ကိုလျက်ကြပါသည်။ သူ့ပေါ်မှာ ပျားရည်ရှိသော ကြောင့်ဖြစ်သည်။

7 ၇။ အိုဖြစ်ရလေ။ ထိုအကြောင်းကြောင့် ကျွန်တော်ပြောရခြင်းဖြစ်ပါသည်။ သင့်လက်ကိုပျားရည်ချိုင့်ထဲထည့်ပါ။လျက် ပါ။ ပျားရည်လျက်သဖြင့် ဘာအပြစ်မှမရှိပါ။ သင့်မှာ ကင်မရာမရှိပါကအနီးကပ်မြင်ရပါသည်။ ကျွန်တော်ဆိုလိုတာ ဘာလဲ သိပါသလား။ ‘ကျွန်တော်တို့လက်ကိုပျားရည်ချိုင့်ထဲထည့်ပါသည်’ အပြစ်မရှိပါ။ပျားရည်လျက်ပြီး ပျော်ပျော်နေပါ။

ဒီညလည်း ထိုသို့သောစည်းဝေးပွဲမျိုးသင်ရနိုင်ပါသည်။မဟုတ်လား။ စီရင်ခြင်းတွေအားလုံးဖယ်လိုက်ပါ။ ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ချစ်ပါ။ အစေခံပါ။ မက်သဒစ်၊ နှစ်ခြင်း၊ပရယ်စီပီတေးရီးယန်းများနှင့် အားလုံးလက်ဆွဲနှုတ်ဆက် ကြပါ တဦးနှင့်တဦးမိဿဟာယဖွဲ့ကြပါ ဘုရားသားတော်ယေရှုခရစ်၏အသွေးတော်က ကျွန်ုပ်တို့အပြစ်များအားလုံးကိုဆေးကြောပါသည်။

8 ၈။ ယခုကျွန်တော်တို့ ဘရာသာအာဂန်ဘရိုက်နှင့်ခဏစကားပြောခဲ့ကြပါသည်။ တနင်္ဂနွေနေ့လည်မှာကျွန်တော်တို့ ဝတ်ပြုစည်းဝေးကြပါမည်။ ဝတ်ပြုစည်းဝေးများတွင် မပါဝင်ဘဲကျွန်တော်တို့အဆုံးသတ်ကြပါသည်။ ကျွန်တော်အတွေးက တော့ ဝတ်ပြုစည်းဝေးချိန်မှာမိမိတို့အသင်းတော်မှာဘဲရှိရပါမည်။ အချိန်ကျသောအခါမှာ တာဝန်ကျရာနေရာမှာရှိရပါမည်။ သင်ကအလည်အပတ်လာသူဖြစ်သဖြင့် ဒီမှာ ဘုရားကျောင်းကောင်းများလိုက်ရှာကြပါ။ သူတို့သင်းအုပ်ဆရာများ ပလက် ဖေါင်းပေါ်မှာ ဒီမှာရှိပါသည်။ သူတို့ကသင့်ကိုမိတ်ဆက်ပေးပါပြီ။ ရုံးပိတ်ရက်များမှာ သူတို့ဘုရားကျောင်းတွေကိုသွားကြပါ။တနင်္ဂနွေနေ့လည်မှာ တဲတော်တွင် ကျွန်တော်တို့ဝတ်ပြုကိုးကွယ်ကြပါသည်။တနင်္ဂနွေညမှာပိတ်ပါမည်။ ဒါမှ သူတို့အ သင်းတော်တွေကို သူတို့သွားနိုင်ကြပါမည်။ သူတို့တာဝန်ကျရာနေရာကို သွားနိုင်ပါမည်။

ယခုတနင်္ဂနွေနေ့လည်မှာဘုရားအလိုတော်ရှိပါက ပထမဆုံးအနာရောဂါငြိမ်းခြင်းဝတ်ပြုစည်းဝေးရှိပါမယ်။ တနင်္ဂနွေနေ့လည်မှာ အနာရောဂါငြိမ်းခြင်း အစည်းဝေးစတင်ပါသည်။ တစ်နာရီခွဲမှာဆုတောင်းကတ်ပြားတွေကို လူကလေးများက ဝေပါမည်။ ဝတ်ပြုစည်းဝေးကနှစ်နာရီခွဲမှာစပါမည်။

ဧဝံဂေလိကျမ်းချက်အကြောင်း ပြောပါမည်။ယေရှုခရစ်တော်၏စိန်ခေါ်ခြင်းနှင့် သူ၏နှုတ်ကပတ်တော်က ယနေ့ အပြစ်ရှိခြင်းဖြစ်ပါသည်။သူက ကတိတည်ပါသည်။ ပြည့်စုံစေပါသည်။

9 ၉။ ကျွန်တော်လူနာတွေအတွက်တနင်္ဂနွေနေ့လည်မှာဆုတောင်းစတင်ပြီး နောက်အပတ်အထိဆက်သွားပါမယ်။ ကျွန်တော်နေသောအိမ်သို့လူများစွာရောက်လာကြပါသည်....ဘယ်တော့လူနာတွေအတွက် ဆုတောင်းပေးမှာလဲ ... ဖျားနာစိတ်ထိခိုက်သူများကိုခေါ်လာရမလား။ တနင်္ဂနွေနေ့လည်မှာ စတင်ပါမည်။ကိုယ်တော်အလိုတော်ပါ။

ပတ်ဝန်းကျင်ကိုလှည့်ပတ်သွားလာပါတယ်။ဖျားနာစိတ်ထိခိုက်သူများကို ရှာဖွေပါမည်။ သူတို့ဘာဘဲဖြစ်ဖြစ် စိတ်နှလုံးအကြွင်းမဲ့နှင့်ယုံကြည်ပြီးလာပါ။ သခင်ယေရှုကလူတိုင်းတဦးစီကိုရောဂါပျောက်စေပါမည်။ ကျွန်တော်ယုံကြည်ပါတယ်။ သင်လည်းမယုံကြည်ဘူးလား။

10 ၁၀။ ကျွန်တော်တို့ယုံကြည်ပါသည်... ကိုယ်တော်ပြုခဲ့ပါပြီ။ သူတို့ကိုသာကျွန်တော်တို့က ယုံကြည်စေပါက ကောင်း ပါသည်။ အနာရောဂါငြိမ်းစေခြင်းမှာပြည့်စုံပါပြီ။ သင်၏ကယ်တင်ခြင်းကဲ့သို့ဖြစ်ပါသည်။ 'သင်ဘယ်အချိန်က ကယ်တင် ခြင်းရသလဲ' 'အိုလွန်ခဲ့တဲ့နှစ်နှစ်ကပါ။ငါးနှစ်ကပါ။ (သို့) နှစ်နှစ်ဆယ်ကပါ'

မဟုတ်ပါ။ မှားပါတယ်။လွန်ခဲ့သောနှစ်နှစ်ထောင်ကိုးရာ ယေရှုကရာနီကုန်းပေါ် အသေခံကတဲက သင်ကယ်တင်ခြင်းရခဲ့ပါတယ်။ သင်လွန်ခဲ့သောနှစ်နှစ်က(သို့)ဆယ်နှစ်က လက်ခံခဲ့ပါသည်။ဘုရားသခင်၏လိုအပ်ချက်များပြုလုပ်သောအခါ အပြစ်မေးခွန်းကိုဖြေရှင်းပြီးပါပြီ။ ကရာနီမှာ အဖိုးအခအပြည့်အဝပေးခဲ့ပါပြီ။ ကယ်တင်ခြင်းကောင်းချီးများအားလုံးထဲမှ ယေရှုအသေခံခြင်းသည် အားလုံးအတွက်ဖြစ်ပြီး ကိုယ်ပိုင်ရရှိထားသည်မှာယုံကြည်သူများပင်ဖြစ်ပါသည်။ လုပ်ရမည့်တခုတည်း သောအလုပ်မှာ ယုံကြည်ရန်သာဖြစ်ပါသည်။လက်ခံပါ။ သင့်အတွက်ဟုခေါ်ဆိုပါ။

လူတဦးသည် ဘုရားသခင်၏ဝိညာဉ်အားဖြင့်အသစ်တဖန်မွေးဖွားပါက ဘုရားသခင်သူ့အားချက်လက်မှတ်ပေး ထားပြီးသူ့ဘဝခရီးတလျှောက်လုံးတည်မြဲပါသည်။ ချက်တိုင်း၏အောက်မှာ ယေရှုနာမည်နှင့်လက်မှတ်ထိုးထားပါသည်။ သင်ကဖြည့်စွက်၍ ဘယ်ကယ်တင်ခြင်းကောင်းချီးတွက်မဆိုရနိုင်ပါသည်။ သင့်အတွက်ဖြစ်ပါသည်။ အဖိုးအခပေးပြီးဖြစ် ပါသည်။ အဖိုးအခမပေးရသေးမှာမပူပါနဲ့။ သေချာပါတယ်။ သင်စိုးရိမ်ပါက စာအုပ်ကို သင့်အိတ်ထဲမှာထည့်ထားပါ။

11 ၁၁။ ကျွန်တော်ဇဝ်ဂေလိလုပ်ငန်းများလုပ်ရာမှာဆယ်နှစ်ခန့်ခရီးသွားလာရပါသည် ... ကျွန်တော်အမှုတော်မြတ်မှာပါ ဝင်သည်မှာနှစ်ဆယ့်သုံးနှစ်ရှိပါပြီ။ လူတန်းစားနှစ်ရပ်ကိုတွေ့ရပါသည်။ ထိုသူတို့မှာဖန်တာမင်တာလစ်စ် ၊နှင့် ပင်တေကုတ္တေ များဖြစ်ကြပါသည်။ ဖန်တာမင်တာလစ်စ် ၊ များကမိမိတို့ရပ်တည်ချက်ကိုသိပါသည်။ သို့သော် သူတို့မှာ မယုံကြည် ခြင်းများစွာမ ရှိပါ။ ပင်တေကုတ္တေများက ယုံကြည်ခြင်းများစွာရှိပါသည်။သူတို့ကိုယ်သူတို့မည်သူမည်ဝါမှန်းမသိဘဲ ဘယ်နေရာမှာရပ်တည် ကြောင်းမသိပါ။

ဘဏ်ထဲမှာငွေရှိသောသူတဦးကဲ့သို့ဖြစ်ပါသည်။ ချက်လက်မှတ်ဘယ်လိုရေးရမှန်းသူမသိပါ။ နောက်တဦးကချက် လက်မှတ်ရေးတတ်ပါသည်။ ဘဏ်မှာငွေမရှိတာဘဲကွာပါသည်။ သူတို့နှစ်ဦးကိုအတူတကွထားပါကသင်တကယ်ဘဲရပါ မည်။

12 ၁၂။ သင်တကယ်ဘဲဖန်တာမင်တာလစ်စ် ယုံကြည်ခြင်းကိုပင်တေကုတ္တေ များအကြားရရှိနိုင်ပါက... (သို့) ဖန်တာမင်တာလစ်စ်ကို ပင်တေကုတ္တေ ကြားရရှိပါက (သို့)အပြန်အလှန်ပါ။ စည်းဝေးပွဲဘယ်လိုဖြစ်မည်ကို ကျွန်တော်ကြည့် လိုပါသည်။ လူတွေကသင့်ကိုသိပါက - သင်ဘာဖြစ်မလဲမဟုတ်ပါ။ သင်ဘာလဲ ပစ္စုပန် ယခုပင်လျှင်ဖြစ်ပါသည်။ဘုရားသား နှင့်သမီးများဖြစ်ပါ သည်။

မိလေနိကာလတနေရာသို့သင်ကတွန်းထုတ်လိုက်ပါသည်။ ကောင်းချီးများအားလုံး မိလေနိထဲအပြင်မှာရှိပါသည်။ဘာကြောင့်လဲ တကယ်တော့ ယခုပင်ဖြစ်ပါသည်။ မိလေနိကာလမှာကျွန်တော်တို့အနာရောဂါငြိမ်းခြင်းမလိုအပ်တော့ပါ။ ယခုကာလမှာ ကျွန်တော်တို့ရပါသည်။ကျွန်တော်တို့ဘုရားသားများမဟုတ်ကြပါ။ ယခု သင်တို့သည် ဘုရားသားများ၊ အမွေခံများ၊ယေရှုနှင့်အတူပူးတွဲ - အမွေခံများဖြစ်ကြပါသည်။ ယေရှုကားတိုင်ပေါ်မှာအသေခံခြင်းအားလုံးမှာ သင့်ပိုင်ဆိုင် မှုအတွက်ဖြစ်ပါသည်။ အာမင်။

ညီအကိုမောင်နှမတို့စာတန်ကဒါကိုမကြိုက်ပါ။ ဘာကြောင့်လဲဆိုတော့ လူတွေက သာသိပါလျှင် ဘုရားနှုတ်ကပတ်တော်ကို အလိုရှိပါက သင်ရနိုင်ပါသည် ... အကန့်အသတ်မရှိပါ။

13 ၁၃။ ကျွန်တော်ဆရာဝန်တဦးနှင့်သိပ်မကြာမီက စကားပြောခဲ့ပါ သည်။ သူကပြောပါသည် 'အို ခင်ဗျားက ဓမ္မဆရာဘဲ' 'ဟုတ်ပါတယ် ဆရာ'

'ကျွန်တော်အဲဒါကိုလေးနှစ်လောက်လေ့လာခဲ့ပါတယ်'

'ကောင်းပါတယ်ဘာကအတားအဆီးဖြစ်နေပါသလဲ'

သူကပြောပါတယ် 'အိုငါဘာမှမဖြစ်ဘူးဆိုတာသိရပါတယ်' ကျွန်တော်ပြောချင်ပါတယ်။ကျွန်တော်ဓမ္မဆရာဖြစ်ဖို့ လေးနှစ် လေ့လာခဲ့ပါတယ်။ နောက်တော့ ကျွန်တော်သိရတာကတော့ကျွန်တော်ရူတ်ထွေးသွားတာပါဘဲ ...

ယခုဘာလဲဆိုတာ ကျွန်တော်ပြောပြပါမယ်။ဓါတ်ရိုက်တဲ့ စက်ဒီမှာရှိပါတယ်။ လူ့ရဲ့ကိုယ်ခန္ဓာကိုဖေါက်ထွင်းမြင်နိုင်ပါတယ်။ နှစ်သက်ဖွယ်ကောင်းပါတယ်။ ကောင်းမကောင်းသိကျွမ်းရာအပင်ပါ။ဧဒင်ဥယျာဉ်ကြီးထဲမှာရှိပါတယ်။ လူကဧဒင်ဥယျာဉ် ကြီးထဲမှာရှိစဉ်ကပင်ထိုအပင်ကအသီးကိုစားပါသည်။ သို့သော်အကန့်အသတ်ရှိပါသည်။ ယုံကြည်ခြင်းသစ်ပင်က ဘုရားနှင့်ဆိုင်ပါသည်။ အကန့်အသတ်မရှိပါ။ သိပ္ပံကိုသင်ယုံကြည်ပါကသိပ္ပံနည်းကျမရှာဖွေနိုင်ပါက လက်လွှတ်လိုက်ပြီး ဆက် လက်၍ ယုံကြည်ပါ။ သင်ထိုနည်းအတိုင်းလုပ်ရပါမည်။

14 ၁၄။ ဘုရားကဘယ်တော့မှ.. ဘုရားမေတ္တာနှင့်ဂရုဏာများကို သင်မကန့်သတ်နိုင်ပါ 'အဖ ကိုကျွန်တော်သိပ်ပြီး နောက်ယုက်နေပါပြီ' ဟုပြောပါ။

သူကထိုသို့ ဂရုစိုက်စေလိုပါသည်။ဘုရားကိုအများကြီးဆုတောင်းနိုင်မှာမဟုတ်လို့မထင်ပါနဲ့။ ကျမ်းစာဆိုထားတာကိုကျွန်တော်ယုံကြည်ပါတယ် 'သင်မတောင်းလို့မဟုတ်ပါသင်မတောင်းတာမယုံကြည်လို့ပါဘဲ'

ကျွန်တော်တို့ကို တောင်းစေချင်ပါသည်။သို့မှသာ ကျွန်တော်တို့ဝမ်းမြောက်ကြပါသည်။ ကြွယ်ဝများပြားစွာ တောင်း စေချင်ပါသည်။ကြီးသောအရာများအတွက် ဆုတောင်းပါ။ သင့်ယုံကြည်ခြင်းကိုမုန်ညင်းစေ့ကလေးအထိမတိုင်းတာပါနှင့်။ ထွက်သွား၍အခြားယုံကြည်ခြင်းမျိုးကိုရှာပါ။ကြီးမားသောအရာများအတွက် လှုပ်ရှားပါ။ တောင်းပါ ...သေးငယ်သောအ ရာများကဲ့သို့ကြီးမားသောအရာများကို ရရန် လွယ်ကူပါသည်။ယုံကြည်ရန်လိုအပ်ပါသည်။ သင့်မှာယုံကြည်ခြင်းရှိပါသည်။ မည်သို့အသုံးချရမည်ကိုသိပါ။ကောင်းသွားပါမည်။ အလုပ်ဖြစ်စေပါသည်။ ကောင်းသွားပါသည်။

15 ၁၅။ သင်စဉ်းစားမိပါသလား... ဘုရားမေတ္တာနှင့်တန်ခိုးအကြောင်းပြော၍သင့်အတွက်အကျိုးပြုမည့်အရာများအကြောင်းပြောဆိုနေပါသည်။ ငါးကလေးတစ်ကောင်ပင်လယ်ကြီးထဲမှာနေပြီး ပြောသည်ကို သင်စဉ်းစားမိပါသလား။ 'ခဏ စောင့်ပါ။ငါဒါကိုစဉ်းစားမယ်။ ဒီရေတွေကိုငါအကုန်သောက်ပစ်မယ် ဘာကြောင့်လဲဆိုတော့ တနေ့နေ့မှာငါထွက်သွားရ မှာပါ' ဟုတွေးသည်။ငါးကလေးမှာမကြီးပါ။ပင်လယ်ပြင်ကြီး၏အလယ်မှာရှိပါတယ်။

လွယ်ကူစွာလုပ်နိုင်ပါသည်။ဘုရားကိုတောင်းဆိုတာထက် ပိုလွယ်ကူပါသည်။ ကိုယ်တော်ကမကုန်ဆုံးနိုင်သောအသက်တာ၏အရင်းအမြစ်ဖြစ်ပါသည်။ သင်ဘာဘဲလိုလို ကိုယ်တော်ကိုတောင်းပါ။ သူကကယ်တင်ခြင်းကောင်းချီးများ နှင့်ကားတိုင်ပေါ်တွင် အသေခံစဉ်ကပံ့ပိုးပေးခဲ့ပါပြီ။သင်သွားရသောလမ်းခရီးမှာ လိုအပ်သမျှအတွက်ကတိပေးထားပါသည်။သင့်အတွက်ဖြစ်ပါသည်။သင်တောင်းပါက ယုံကြည်ပါ။ မှန်ပါသည်။

16 ၁၆။ ကြွက်ကလေးတစ်ကောင်ကိုစဉ်းစားမိပါသည်။အီဂျစ်နိုင်ငံ၏ စပါးကျီကြီးထဲမှကြွက်ကလေးက ပြောပါသည် 'ခဏ နေပါ။တနေ့ကိုဆန်စေ့နှစ်စေ့ဘဲစားမယ်။ တောင်းမကုန်မချင်းအစာကုန်သွားမှာ စိုးရိမ်ရတယ်' ဟုဆိုသည်။

ထိုနည်းအတိုင်း လူတွေကခရစ်ယာန်များအဖြစ် ပြုမူကြပါသည်။ မနက်မိုးလင်းအိပ်ရာထလျှင်ပြောကြသည်။ 'ဒီနေ့ငါ့မိသားစုကိုဘုရားကောင်းချီးပေးပါစေ။ ကိုယ်တော်နှင့်နီးကပ်ပါစေ။အာမင်။ တနေ့အတွက်ပါ ဘာသာရေးလုပ်ပြီး ပြီ'

ငါလဲလျှောင်းပြီးဆောက်နေမယ်။ သင်ကော။သင်က တကယ်ဝိညာဉ်ရေးရာအစာချက်လုပ်မှု ယုဘိလဆင်နွှဲပါသည်။ ဆောက်ပါ။မဆောက်နိုင်တော့ဘဲအဆုံးထိဆောက်ပါ။

17 ၁၇။ သင်တို့အားလုံးကာလီဖိုးနီးယားမှာ အသီးအနှံစိုက်ပျိုးသူများဖြစ်ကြပါတယ်။ သိလား ... လိမ္မော်သီးဖြစ်သည်။လိမ္မော်ပင်ကလေးလက်မဝက်လောက်ဖြင့်တက်လာသောအခါ ဘယ်အချိန်မှာ လိမ္မော်သီးတောင်းအပြည့်ရသည်ကို စဉ်းစားမိပါသလား။သစ်ပင်ပေါ်မှာ.... (သို့)သစ်ပင်ထဲမှာပါ။ သင်သိပါသလား။

မသိပါက ဘယ်ကလာပါသလဲ။ဘယ်သူကလိမ္မော်သီးတွေသီးစေပါသလဲ။ သစ်ပင်ပေါ်မှာပါ။ သင်လုပ်ရတာကတော့စိုက်ပျိုးတာပါဘဲ။ရေလောင်းရပါတယ်။ အာဟာရပေးရသည်။ လိုအပ်တာထက်ပိုပေးရပါတယ်။ပို၍ရေသောက်လေ အပင်ထွားလေပါဘဲ။ အရွက်များ၊အတိုင်းပွားအပွင့်များနှင့်အသီးများထွက်လာပါသည်။ ပို၍ရေသောက်လေ ပို၍အသီးထွက် လေပါ။ အရွက်၊အပွင့်များဝေဆာပါသည်။ရေသောက်၊ သောက်၊ သောက်ရပါမည်။

18 ၁၈။ ယုံကြည်သူကိုခရစ်တော်ယေရှု၌ထားလျှင် သင့်အားထိုအထဲမှာ စိုက်ပျိုးထားပြီးမဖျက်ဆီးနိုင်သောအသက်တာစမ်းရေမှာသောက်လေ ပို၍ကြီးထွားလေဖြစ်စေပါသည်။ မှန်ပါသည်။သင်မယုံကြည်နိုင်ပါက .. 'ယေရှုကျွန်တော့်ကို ကယ်တင်ကြောင်းကျွန်တော်ယုံကြည်ပါသည်' ကောင်းပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က ဘယ်လိုနေပါသလဲ။သူသင့်ကိုသန့်ရှင်းသောဝိညာဉ်တော်ပေးမည်ဟု ယုံကြည်ပါ။ သင့်အားကတိပေးခဲ့ပါပြီ။အနာရောဂါငြိမ်းစေခြင်းကို ယုံကြည်ပါ။ သင့်ကိုကတိပေးခဲ့ပါသည်။ကယ်တင်ခြင်းကောင်းချီးတိုင်း သင်ပိုင်ဆိုင်ပါသည်။ သောက်ပါ။ သောက်ပါ။ ကြီးထွားပါ။အဲဒါပါ ဘဲ။ သင်လိုအပ်သမျှသင့်အထဲမှာရှိပါသည်။

သန့်ရှင်းသောဝိညာဉ်တော်ကို သင်ရရှိပါကသင်လိုသမျှရှိ၍ ဘုန်းတော်ကသင့်အထဲမှာရှိပါသည်။ ယုံကြည်ခြင်းကို သင်မလိုအပ်ပါ။သင့်မှာယုံကြည်ခြင်းရှိပါသည်။ သင့်မှာသန့်ရှင်းသောဝိညာဉ်တော်ရှိပါကသူကသင်၏ယုံကြည်ခြင်းပါဘဲ။ သို့သော် သင်သိရမည်မှာထိုယုံကြည်ခြင်းကိုမည်သို့အသုံးပြုရမည်ဖြစ်ပါသည်။ ကျွန်တော်ဆိုလိုတာနားလည်ပါသလား။ဘယ်လိုအသုံးပြုရမယ်ဆိုတာ သိတဲ့အခါမှာဒီအပတ်ထဲမှာရှင်းပြပါမယ်။ ကြွယ်ဝကြီးမားစွာသင်လုပ်နိုင်ပါမည်။ (သို့) ကိုယ်တော်ကိုစဉ်းစားပါ။

19 ၁၉။ ဆုတောင်းကြပါစို့။

ကောင်းကင်ဘုံရှင်အဖ။ကိုယ်တော်ကောင်းမြတ်လှပါသည်။ အဖ။ ကိုယ်တော်ကောင်းမြတ်ခြင်းအတွက်ကျွန်တော်တို့ခေါင်းငုံ့ပြီးချီးမွမ်းကြပါသည်။ တခါတရံ ကျွန်တော်တို့စိတ်နှလုံးများကျွန်ုပ်တို့နှင့်ဝေးကွာသွားပါသည်။ ကိုယ်တော်နှင့်စကားပြောသည့်အခါအလွန်ပျော်ရွှင်မိပါသည်။ ဘယ်အချိန်မဆို ကျွန်တော်တို့အလိုရှိသောအခါကိုယ်တော်နှင့်စကားပြောနိုင်ကြောင်းသိပါသည်။

တယ်လီဖုန်းကဲ့သို့ဖြစ်ပါသည်။ဖုန်းခွက်ကိုဖြုတ်၍ ခေါ်ဆိုခြင်းအချက်အချာ နိုင်ငံတကာဘယ်နေရာကို မဆိုပလပ်တင်ထားလိုက်ပါ။

တယ်လီဖုန်းမှာ မည်မျှနှစ်သက်စရာကောင်းပါသနည်း။ကဗျာဆရာရေးခဲ့သည့်အတိုင်း ကျွန်တော်တို့မှာ တော်ဝင်တယ်လီဖုန်းရှိပါသည်။ ဖုန်းခွက်ကိုကောက်ကိုင်၍ ဒူးထောက်ပြီးယေရှုခရစ်တည်းဟူသောခေါ်ဆိုရန် ဗဟိုအချက်အချာကိုခေါ်ပါ။ 'ငါ့ခမည်းတော်၏နာမ၌ သင်တောင်းသမျှကို ငါပေးမည်' ကျွန်တောတို့ ဘာအတွက်ဘဲဖြစ်ဖြစ် ပလပ်တင် နိုင်ပါသည်။ကယ်တင်ခြင်းကောင်းချီးများအားလုံး ကျွန်တောတို့နှင့်ဆိုင်ပါသည်။ ထို့အတွက်ကျွန်တော်တို့ အလွန်ပျော်ရွှင် မိပါသည်။

အဖ ကျွန်တော်တို့ ဆုတောင်း၍သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်တော်တို့နှလုံးသားများကို ဖြည့်စေမူပါ။ ကျွန်ုပ်တို့စိတ်ဝိညာဉ်ကိုဖြည့်၍ ကျွန်တော်တို့သိရှိခံစားတတ်ရန် သွန်သင်တော်မူပါ။နှုတ်ကပတ်တော်ကိုလူတို့အား ဆောင် ယူတော်မူပါ။ သန့်ရှင်းသောဝိညာဉ်တော်ကနှုတ်ကပတ်တော်တလုံးစီကို ယူဆောင်၍နှလုံးသားထဲကိုချပေးတော်မူပါ။ မျိုးစေ့ဖြစ်ပါသည်။ ကြီးမားသောကယ်တင်ခြင်း သစ်ပင်များအဖြစ်ကြီးထွားလာစေပါ။ သခင်အတွက်တန်ဖိုးရှိသော ကောက် လှိုင်းများကိုဆောင်ယူလာစေပါ။ ကိုယ်တော်၏သားတော် သခင်ယေရှုကျွန်ုပ်တို့ကယ်တင်ရှင်၏နာမ၌ ဆုတောင်းပါတယ်။ အာမင်။

20 ၂၀။ သင်တို့ကျွန်ုပ်နှင့်အတူညအနည်းငယ်အတွင်းမှာ နှုတ်ကပတ်တော် သွန်သင်လေ့လာသည့်အတွက် ကျေးဇူးတင် ပါသည်။ မနက်ဖန်ညမှာ ဝတ်ပြုစည်းဝေးပိတ်ပါသည်။ မနက်ဖန်ညပါ။ သင်လာနိုင်လျှင်လာခဲ့ပါ။မနက်ဖန်ည လာပြီးနောက် တနေ့မှာ ကျွန်တော်စတင်ရပါမည် ...အစာရှောင်ဆုတောင်းပြီးအနာရောဂါငြိမ်းခြင်းစည်းဝေးအတွက် အဆင်သင့်ပြင်ဆင် ပါမည်။

သင်တို့ကသိပ်ကောင်းတဲ့ပရိသတ်တွေပါ။အရေအတွက်မများသော်လည်း သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ နှင့်အတူရှိ၍ကောင်းချီးပေးပါသည်။ သင်တို့နှင့်အတူရှိသောကြောင့် ကျွန်တော်အလွန်ဝမ်းမြောက်ပါသည်။သင်တို့နှင့်အ တူပျော်ရွှင်ရသောအခွင့်ကိုရသဖြင့် ကျေးဇူးတင်ပါသည်။နှုတ်ကပတ်တော်ကိုဦးတည်၍ မိဿဟာယပြုခွင့်ရပါသည်။၂၁။ ဒီညကျွန်တော်ပြောလိုတဲ့အကြောင်းအရာက မနေ့ညက သင်တို့ကိုကတိပေးခဲ့သောအရာဖြစ်ပါသည်။ပင်တေကု တ္တေကျဆင်းရသည့်အကြောင်း ကျွန်တော်၏ထင်မြင်ချက်ပါ။ ကျွန်တော်များပါကဘုရားကျွန်တော်ကိုခွင့်လွှတ်တော်မူပါ။ သင်တို့လည်းဆုတောင်းကြပါ။ ကျွန်တော်ကဤအချက်များကိုထောက်ပြခြင်းဖြစ်သည် ... ကျွန်တော်တို့ဘယ်နေရာမှာမှားကြောင်းသိပါက အကောင်းဆုံးမှာ ထိုနေရာသို့ပြန်သွားပြီး အသစ်ပြန်စပါ။ပြန်လာခဲ့ပါ။ တစုံတခုဖြစ်ပေါ်လာကြောင်း ကျွန်တော်တို့သိပါသည်။

နိုင်ငံကိုဖြတ်ကျော်သူများကိုကြည့်ပါ။ကြီးမြတ်သောဘုရားကစေလွှတ်သူများဖြစ်ပါသည်။ BillyGraham Jack Schuller oral Roberts (အို)Tommy Hicks နှင့် Mr.Allenနှင့်များစွာတို့မှာ ယနေ့နိုင်ငံထဲမှာ ကြီးမားသောနိုးထမှုများပြုလုပ်နေကြပါသည်။ ဘာမှအကြောင်းမထူးသကဲ့သို့ ပုံပေါ်နေပါသည်။မှန်ကန်စွာစိမ့်ဝင်မသွားပါ။

21 ၂၂။ ဧဝံဂေလိဆရာတဦးက... သူ့နာမည် ကျွန်တော်မပြောပါ။သူကနာမည်ကြီး၍ နှစ်သက်ဖွယ်ညီအစ်ကိုပါ။ သူနှင့် ကျွန်တော်ကားအတူစီး၍သီသြလော်ဂျီအကြောင်းပြောကြပါသည်။သူနှင့်ကျွန်တော်တို့နှစ်ဦးအငြင်းအခုန်လုပ်ကြပါသည်။ သို့သော် ကျွန်တော်တို့က ... သို့သော် သူ့ကိုကျွန်တော်ချစ်ပါသည်။ သူကနှစ်သက်ဖွယ်ညီအစ်ကိုပါ။ ဘုရားရဲ့အစေခံ ကျွန်ပ်ပါ။

သူကသိပ်မကြာမီက နိုးထမှုတခုလုပ်ပါသည်။လူအတော်များများက ... လူထောင်ပေါင်းများစွာ - တစ်သောင်း၊တစ်သောင်းငါးထောင်ခန့် ပို၍ပင်များကောင်းများပါမည်။ လာရောက်ကြပြီးသူတို့စိတ်နှလုံးများကို ခရစ်တော်ထံအပ်နှံကြ ပါသည်။ ထို့နောက်ပြန်လည်စစ်ဆေးသောအခါ(ပြန်၍လေ့လာသောအခါ) ရက်သတ္တပတ်အနည်းအတွင်းရှာမတွေ့တော့ ဘဲလူလက်တဆုပ်စာကျန်ပါသည်။

22 ၂၃။ ဘယ်မှာလဲဟုစဉ်းစားပါက မိတ်ဆွေ ခရစ်ယာန်မိတ်ဆွေ ပထမဆုံးမှာ ...အရာနှစ်ခုကိုကျွန်တော်တို့သေချာစွာ လေ့လာရပါမည်။ တခုမှာအသိတရားနှင့်ဆိုင်သောဘာသာရေး အသိတရားဆိုင်ရာယုံကြည်ခြင်းဖြစ်ပါတယ်။ နောက်တ ခုမှာအသစ်တဖန်ဖွားမြင်သောအတွေ့အကြုံဖြစ်သည်။ တခုမှာခေါင်းထဲမှာရှိပါသည်။တခုမှာနှလုံးသားထဲမှာရှိသည်။

သိပ္ပံပညာက မနစ်ကအထိ တိုက်ခိုက်ခဲ့သည်။ရှီဘာရှိသတင်းစာမှာ ကျွန်တော်တွေ့ရသဖြင့် အော်မိပါသည်။ သမ္မာ ကျမ်းစာဆိုသည်အတိုင်း 'လူက မိမိစိတ်နှလုံးထဲမှာတွေးသည်အတိုင်းဖြစ်ပါသည်' လူသည်သူ့စိတ်နှလုံးထဲမှာ တွေးသကဲ့ သို့ဖြစ်သည်။

ယခုသိပ္ပံကပြောပါသည် 'ဘုရားကအားလုံးကိုရောလိုက်ပါသည်' ဘာကြောင့်လဲဆိုတော့နှလုံးသားထဲမှာတွေးစ ရာဦးဏှောက်အလုပ်အကိုင်များမရှိသောကြောင့်ဖြစ်သည်။နှလုံးကပန့်ဖြစ်ပြီး သွေးများကိုသာပန်းထုတ်ပေးသည်။ သွေးကို သန့်ပေးသည်။ ဆလင်ဒါများကိုဖြတ်၍လာပါသည်။ သို့သော်အတွေးအခေါ်ဦးဏှောက်ပိုင်းဆိုင်ရာခေါင်းထဲမှာသာရှိပါသည်။သူတို့ဒါကိုပြန်လည်လက်ခံပြီး ဘုရားကမှန်တယ်လို့ဆိုကြပါသည်။

လွန်ခဲ့သောတနှစ်ခန့်ကသူတို့တွေ့ရှိချက်မှာ လူ၏နှလုံးထဲမှာသွေးဆဲများပင်မရှိသော အခန်းငယ်လေးတခန်းရှိပါသည်။ တိရိစ္ဆာန်နှလုံးသားထဲမှာမရှိပါ။ လူ့သားနှလုံးထဲမှာသာရှိပါသည်။ထိုအခန်းကလေးမှာ စိတ်ဝိညာဉ်ကပိုင်ဆိုင်သော အခန်းကလေးဖြစ်သည်။ တခုခုဖြစ်တော့မည်ဟုသင်သိသောတစုံတရာရှိပါသည်။ သို့သောအကြောင်းမပြနိုင်ပါ။ သို့သော် တစုံတခုဖြစ်မည်ဟုတစုံတရာက သင့်ကိုပြောနေပါသလား။ သင့်စိတ်နှလုံးထဲက သင်ယုံကြည်ပါသည်။ အဲဒါတစုံတရာပါဘဲ။

23 ၂၄။ ယေရှုကြွလာသောအခါ.... သင်ကအော်ဆိုဒေါ့စ်ဖြစ်ခြင်းကြောင့်မဟုတ်ပါ။သင့်ဘာသာကိုသင် ရှင်းပြနိုင်သော ကြောင့်ဖြစ်ပါသည်။ လူကအသစ်တဖန်ပြင်ရမည်မှာကိုယ်တော်ရှင်ဆိုလိုခြင်းမဟုတ်ပါလား ... အသိပညာများလွန်းခြင်း ကြောင့်မဟုတ်ပါ။ တစုံတရာဖြစ်နေခြင်းကြောင့်ဖြစ်ပါသည်။ ထိုသူကိုပြောင်းလဲစေပါသည်။သူ၏စိတ်ထားများကိုပြောင်း လဲစေသည်။

သူ၏အတွေးများကိုပြောင်းလဲစေသည်။သူအသက်တာကိုပြောင်းလဲစေသည်။

24 မနေ့ညက ကျွန်တော်စကားပြောနေစဉ်သူကအတွင်းခန်းထဲရောက်လာပါသည်။ လိုက်ကာများကျလာပါသည်။ သူ
နေ့စဉ်ဘုရားအတွက်အသက်ရှင်ပါသည်။ သူ့ကိုနေရာတိုင်း အချိန်တိုင်းမှာတွေ့ပါ။ သူကထိုသက်သေခံချက်ကို သူ့နှလုံးသားထဲမှာ
ရှိနေဆဲဖြစ်သည်။ အမှုတိုင်းမှာ သူကအကောင်းကိုဆွဲကိုင်ပါသည်။အလုပ်ဖြစ်ပါသည်။ မိတ်ဆွေ။ အတွေ့အကြုံ အားဖြင့် ကျွန်တော်သိရပါသည်။

25 ၂၅။ သိပ်မကြာမီကသင်မှတ်မိပါမည်။ ကျွန်တော်ကပြောသောအခါ ... ကျွန်တော်ဆုတောင်းအကြာကြီးတန်းစီပါရစေ။
ရှစ်နာရီခန့်ကြာသွားပါသည်။ သူတို့ကျွန်တော်အတွက်အားလုံးနီးပါးလုပ်ပေးပါသည်။ကျွန်တော် ... ရူပါရုံများမှာ ...
ကျွန်တော်အားကြာရှည်စေပါသည်။အနာရောဂါငြိမ်းခြင်းအကြောင်းပြောသည့်အခါ ကျွန်တော်တို့ရှင်းပြပါမည်။

သို့သောလူအချို့ကျွန်တော်ကိုလာတွေ့ပါသည် ‘ဟေး တရားဟောဆရာ ဗရမ်ဟမ်’

‘ဟုတ်ကဲ့ပါဆရာ’

‘ခင်ဗျားနေမကောင်းတဲ့အခါ ဘာသာတရားကိုင်းရှိုင်းပါသလား’

‘မဟုတ်ပါဘာသာတရားက ကျွန်တော်ကိုထိန်းချုပ်ပါတယ်’

ကျွန်တော်ဆွဲကိုင်ထားတဲ့အတွေးမဟုတ်ပါ။ကိုယ်တော်ကဆွဲကိုင်ထားမှုဟုတ်မဟုတ်ပါဘဲ။ အမှုပြီးသွားပါပြီ။

26 ၂၆။ ဒီညကျွန်တော်တို့ အကြောင်းအရာတခုကိုပြောပါမည်။ တွေ့ရသည့်ကျမ်းချက်မှာ ... ဖေက်သြဝါဒစာမှာဖြစ်ပါသည်။
အလွန်ပင်ကောင်းသောကျမ်းချက်ပါ။မယုံကြည်သူကိုပေးလိုက်ခြင်းမဟုတ်ပါ။ ဆက်ကပ်ခြင်းဖြစ်ပါသည်။
လုံးဝယုံကြည်သူအတွက်ဖြစ်ပါသည်။

ဖေက်သြဝါဒစာအခန်းကြီး(၁)အငယ်(၃)မှစ၍ဖတ်ပါမည်။

ဖေက် ၁း၃-၈ ကိုရေးပါ။

‘ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျှက် အပြစ်ကင်းလျှက် ဖြစ်မည့်အကြောင်း

ဤကမ္ဘာ မတည်မရှိမီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသော
ဓမ္မမင်္ဂလာတို့ကို ခရစ်တော်အားဖြင့်ငါတို့အား ပေးသနားတော်မူသော ငါသခင်ယေရှုခရစ်တော်၏ ခမည်းတော်ဘုရားသခင်သည်
မင်္ဂလာရှိစေတော်မူသတည်း။

ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့်ငါတို့အား ပေးတော်မူသော ကျေးဇူးတော်၏ ဂုဏ်အသရေကို ချီးမွမ်းစေခြင်းငှာ
ငါတို့သည် ယေရှုခရစ်တော်အားဖြင့်သားအရာကို ရမည့်အကြောင်း အလိုတော်ရှိသော စေတနာအတိုင်း ရွေးမဆွက ခွဲခန့်မှတ်သားတော်မူ၏။

ခပ်သိမ်းသော သတိပညာတော်နှင့်လျော်စွာ ငါတို့၌အတိုင်းထက်အလွန် များလှစွာသော ကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံ သည်နှင့်အညီ
ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွတ်တော်မူခြင်း အကြောင်းဟူသော ရွေးနုတ်တော်မူခြင်း ကျေးဇူးကိုငါတို့သည် ခံရကြ၏။ ‘

အလွန်ကောင်းသောကျမ်းပိုဒ်ကလေးဖြစ်ပါသည်။ကျွန်တော်လည်း ... သန့်ရှင်းသောဝိညာဉ်တော်ကျေးဇူးတော်မပါဘဲနှင့်
သင့်ကိုနားလည်နိုင်အောင်မလုပ်နိုင်ပါ။ပင်တေကုတ္တေအသင်းတော်အတွက်လက်တွေ့ကျင့်သုံးပါသည်။

သင်ကပထမဆုံးအပိုဒ်ကိုသတိပြုမိပါမည်။

ပေါလုက ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏အလိုတော်အားဖြင့်သူတော်စင်များကို ...(ပြင်ပကမ္ဘာနှင့်မဟုတ် ပါ။
ဤစာစောင်ကိုသူတော်စင်များထံသို့ပို့လိုက်ပါသည်။ သူတော်စင်က ...သူတော်စင်ဆိုသောစကားလုံးက
‘သန့်ရှင်းသောသူ(သို့)သူတော်စင်ပုဂ္ဂိုလ်’ ဖေက်မြို့ရှိသူတော်စင်များကိုရေးပေးခြင်းဖြစ်သည်။ သစ္စာရှိသူများထံသို့ဖြစ်သည်။

မည်သူထံပို့သနည်း။ပြင်ပမှပုဂ္ဂိုလ်များထံ မဟုတ်ဘဲ။ ဖေက်မြို့မှာရှိသောသူတော်စင်များထံသို့ဖြစ်ပါသည်။

ကောရိန္တုသြဝါဒစာစောင်မှာသင်သတိပြုမိပါက ... အို ဤကောရိန္တုများနှင့်ပေါလုမည်မျှပျော်ရွှင်ခဲ့ပါသလဲ။ သူတို့
အားလုံးကောင်းချီးအမျိုးမျိုးနှင့်ဝိညာဉ်ဆုကျေးဇူးများကိုရှာဖွေနေပါသည်။ ကလေးများကို စကားပြောသကဲ့သို့ပေါလုက ပြောရပါသည်။
သို့သောသူဖေက်မြို့သို့လာသောအခါ သူတို့ကိုတမျိုးစကားပြောပါသည်။ဖေက်မြို့ရှိအသင်းတော်မှာခိုင် မာသော
ဧဝံဂေလိအသင်းတော်ဖြစ်ပါသည်။

27 ၂၇။ သူပြောသည့်အကြောင်းအရာမှာကမ္ဘာမတည်မရှိမီကတည်းက ဘုရားသခင် ကျွန်ုပ်တို့အတွက် ဘာလုပ်ခဲ့ကြောင်းပင်ဖြစ်ပါသည်။
ကျွန်တော် ကယ်ဗင်ဝါဒီနှင့် အာမီးနီးယန်းကိုပြောနေကြောင်းကျွန်တော်သိပါသည်။ ကယ်ဗင်ကျမ်းစာနှင့်
ကိုက်ညီနေသမျှကာလပတ်လုံးကျွန်တော်ကယ်ဗင်ဝါဒီပါ။ ၎င်းနောက် ကျွန်တော်ကအမီးနီးယန်းပါ။ ဘုရားကျေးဇူးတော်ကိုယုံကြည်၍
ယုံကြည်သူကို ထိန်းထားပါသည်။ ယုံကြည်သူမှာဘုရားကျေးဇူးတော်အလုံအလောက်ရှိပြီး ဘုရားနှင့်နေရ ပါသည်။

အသင်းတော်၏ လုံခြုံရေးကိုကျွန်တော်ယုံကြည်ပါသည်။ အသင်းတော်မှာလုံခြုံရေးရှိပါသည်။ သင်အသင်းတော်ထဲမှာရှိပါကသင်လုံခြုံရေးရှိပါသည်။ သင်အသင်းတော်ထဲမှာရှိပါက သင်လုံခြုံပါပြီ။ နေပါ။လျှောက်သွားမနေပါနဲ့။ အရာ ခပ်သိမ်းကြောင့် မတည်မငြိမ်မဖြစ်ပါနှင့်။ခရစ်တော်၌တည်ပါ။

ဘုရားကကြိုတင်ဘိသိက်ပေး၍အသင်းတော်မှာကိုယ်တော်ရှေ့ သန့်ရှင်း၊ အပြစ်ကင်းစင်၍အပြစ်အနာအဆာ ကင်းမဲ့ရပါမည်။ သင်ကဘာဘဲလုပ်လုပ် ကျွန်တော်ကဘဲလုပ်လုပ်ဘုရားအသင်းတော်မှာအပြစ်အနာအဆာကင်းမဲ့ရပါသည်။ငါတို့အဲဒီမှာရှိမည်ဟု ကျွန်တော်ယုံကြည်ပါသည်။ သို့သော်တဦးစီကမိမိ၏ ကယ်တင်ခြင်းအတွက် ကြောက်ရွံ့တုန်လှုပ်စွာ ရှာဖွေရပါမည်။

28 ၂၈။ ကျွန်တော်တို့ပြန်သွား၍ဘုရားဖန်ဆင်းသောပထမဆုံးလူသားကို ရှာဖွေပါက မိမိ၏ပုံသဏ္ဍာန်အတိုင်းဘုရားကဖန်ဆင်းပါသည်။ ဘုရားကဝိညာဉ်ဖြစ်ပါသည်။ သူကဝိညာဉ်လူကိုဖန်ဆင်းရပါသည်။

'predestination' ၏ ပဋ္ဌမအပိုဒ်တွင် စကားလုံးကိုအသုံးပြုထားပါသည်။ကြိုတင်ခွဲခန့်မှတ်သားထားပါသည်။ ဇဝ်ဂေလိဆရာ(သို့)အမှုတော်ဆောင်သုံးရန်သိပ်ကောင်းသောစကားလုံးတော့မဟုတ်ပါ။ လူတွေကိုရှုတ်ထွေးစေပါသည်။ Predestinationပြော ... အကြိုအသိကိုပြန်ကြည့်၍ အကြိုသိခြင်းက predestination ကိုကြည့်ပါသည်။ foreknowledge မစခင်ကတဲကသိခြင်းသို့ပြန်သွား၍ ၄င်းကလည်း destinationကိုသွားပါသည်။

တနည်းအားဖြင့်ဆိုသော် ဘုရားကမပြောပါ 'ယခုငါ လူတွေကိုဒါဖြစ်ရမည်။ ဒီလူကိုဟိုဟာဖြစ်ရမည်' လို့မပြောပါ။

သို့သော် ဘုရားဖြစ်ရန်အတွက်အဆုံးမှအစကိုသူသိရပါသည်။ ကြိုသိရမည့်အတွက် သူသိခဲ့သည်။ သူပြောနိုင်ပါ သည်။ဒါဖြစ်လာမည်။ ဟိုဟာဖြစ်လာမည်။ သူကဘုရားဖြစ်သောကြောင့်အရာခပ်သိမ်းဘယ်မှာနေရာကျမည်ကို သိပါသည်။ ထို့ကြောင့် အချိန်ကာခေတ်တခုအတွက် အရာတခုခုကိုဘိသိက်ပေးနိုင်ပါသည်။ သင်ယုံကြည်ပါသလား။အဲဒါ တကယ် ကျမ်းစာပါဘဲ။

29 ၂၉။ ဤဘာသာရပ်အပေါ်မှာကျွန်တော်ပြောဆိုနေသည့်အခါ သေချာစွာလေ့လာကြပါစို့။ 'ဆုကျေးဇူးများနှင့်ခေါ်ခြင်း များမှာနောင်တရခြင်းမပါပါ။သူတို့ကဘုရားကိုကြိုတင်သိမြင်ခြင်းပင်ဖြစ်သည်။ သင်ကတစ်ကုဗကိုပိုမြင့်အောင်(သို့)ပို နိမ့်အောင်မလုပ်နိုင်ပါ။ သင်မလုပ်နိုင်ပါ ...စဉ်းစားကြည့်ပါ။ သင်၏ကုဗကို တစ်လက်မပင်ပေါင်းထည့်၍မရပါ ... (သို့) သင်၏အနေအထားကိုပါမပေါင်းထည့်နိုင်ပါ။ ဘုရားကကြိုတင်သိမြင်ပြီး သင့်ကိုသူဖြစ်စေချင်သည့်အတိုင်းလုပ်ပါသည်။ သင့်ကိုသူဖန်ဆင်းပါသည်။ သူက သင့်ကိုနေရာချ၍ထားပါသည်'

လူတိုင်းက ... ကျွန်တော်ကြိုက်တာကိုသင့်အား ကျွန်တော်ပြောပါမည်။လူတွေကိုမူရင်းအတိုင်းဘဲဖြစ်စေချင်ပါ သည်။ တစုံတဦးကိုအတုယူရန်ကျွန်တော်မနှစ်သက်ပါ။ သင်ကြိုက်ပါသလား။ ကျွန်တော်ကြိုက်ပါသည် ... လောကမှာ များစွာဖြစ်ပါသည်။ သရုပ်ဆောင်များဖြစ်သည်။ဖါရိရှဲဆိုသော စကားလုံး၏အဓိပ္ပါယ်ကိုသင်သိသလား။ သရုပ်ဆောင် ဖြစ်သည်။ ယနေ့ကျွန်တော်တို့မှာ သရုပ်ဆောင်များစွာရှိသည်။လူတွေကတစုံတဦးကဲ့သို့ကြိုးစားသရုပ်ဆောင်ပါသည်။ တစုံ တဦးကို တုပရန်ကြိုးစားကြပါသည်။ သင်ကအရှိအတိုင်းရှိပါက လူတွေသင့်ကို ပိုချစ်ကြပါမည်။ သင့်ကိုဘယ်ကိုလက်ခံရ မလဲဆိုတာသူတို့ပိုသိကြပါမည်။

မိန်းမနှင့်ယောကျာ်းများသူတို့အရှိအတိုင်းရှိနေကြမည့်နေ့ကို ဘုရားကစောင့်ဆိုင်းနေပါသည်။ ကျွန်တော်က ခရစ်တော်ကိုဆန့်ကျင်ပါက ဒီညဒီမှာ ကျွန်တော်ကိုယ်တော်ကို ဆန့်ကျင်နေပါသည်။ ကိုယ်တော်အတွက် ကျွန်တော်မှာအချိန် မရှိတော့ပါ။ ကိုယ်တော်ကိုဆန့်ကျင်၍ ပို့ချနေပါမည်။ သို့သော် ကိုယ်တော်ကိုချစ်သဖြင့် သူ့ကိုယုံကြည်ပါသည်။ ထို့ကြောင့် ကျွန်တော်ဒီမှာရောက်နေပြီးလူတိုင်းကိုယ်တော်ကိုယုံကြည်ရန် ကြိုးစားနေပါသည်။ အကြောင်းမှာ ကိုယ်တော်ကိုကျွန်တော် ယုံကြည်သောကြောင့်ဖြစ်သည်။

30 ၃၀။ လူတွေကမိမိတို့ကိုယ်ကို ခရစ်ယာန်များဟုပြောကြသောအခါ (သို့) ခရစ်ယာန်ဘာသာကိုတုပနေကြသောအခါ(သို့) သူတို့ခရစ်ယာန်ကဲ့သို့ပြုမူရန်ကြိုးစားကြသောအခါ သူတို့နှလုံးသားထဲမှာဘုရား၏ငြိမ်သက်ခြင်းသူတို့မှာမရှိပါ။ သင်က သရုပ်ဆောင်ဘဲဖြစ်ပြီးလူတွေကလည်းသိပါသည်။ သင့်ပတ်ဝန်းကျင်ကလည်း သင်ထိုနည်းအတိုင်း သရုပ်ဆောင်ကြောင်းသိပါသည်။ တကယ်ပါ။ သူမက သင်အသဲအသန်ဖြစ်ကြောင်းသိ၍ ပေါ့လျော့ပြီး အိမ်ပတ်လည်မှာခွေးကိုရိုက်သည်။ သင့် ခင်ပွန်းကို ချောက်တွန်း၍ သူဝင်လာသောအခါကုတင်အောက်မောင်းထုတ်ရောက်စေပါသည်။ သင်လည်းထိုသို့လုပ်ပါ သည်... ခရစ်ယာန်အပြုအမူမဟုတ်ကြောင်း သူတို့သိပါသည်။ တကယ်ပါ။

သင်တကယ်ဘဲ ကယ်တင်ခြင်းရသောအခါကိုယ်တော်က သင့်ကိုပြောင်းလဲစေပါသည်။ သင်သရုပ်ဆောင်စရာ မလိုတော့ပါ။ သဘာဝကျကျပြုမူပါသည်။ သင်ကအရှိအတိုင်းရှိနေပါသည်။ သို့သော်ဘုရားက ကြိုတင်သိမြင်ပြီးနေရာချ ထားပါသည်။ တစုံတရာဖြစ်လာရန် ဖန်တီးသည်။ သို့မှသာ သူကပရောဖက်များကိုအသိပညာဆုကျေးဇူးဖြင့်ယူပြီး ဘာ ဖြစ်လာမလဲဆိုတာ ကြိုတင်ပြောနိုင်ပါသည်။ သူတို့ပြောနိုင်ပါသည်။ အကြောင်းမှာ အသိပညာစကားလုံးဖြစ်၍ ဘုရားကသူ၏ပရောဖက်ကိုမေးပါသည်။ မဖြစ်မီ သူကကြိုတင်ပြောပါသည်။ အကြောင်းမှာ ဘုရားကအားလုံးကိုသိသောကြောင့်ဖြစ် ပါသည်။

31 ၃၁။ ထို့ကြောင့်သိမြင့်လျက်... တစုံတဦးက ... စာတန်နှင့်ပတ်သက်၍သင့်စိတ်ထဲမှာမေးခွန်းထုတ်စရာဖြစ်လာပါသည်။ အစအဦးကဖြစ်ပါသည်။ တစုံတယောက်ကသိပ်မကြာမှီက ကျွန်တော်ကိုမေးပါသည်။ 'စာတန်က ဖန်ဆင်းရှင်မဟုတ်လား' ကျွန်တော်ကပြောသည် 'မဟုတ်ပါဆရာ ဘုရားကဖန်ဆင်းရှင်သာဖြစ်ပါသည်။တပါးတည်းသောဖန်ဆင်းရှင်မှာ ဘုရား ဖြစ်ပါသည်' သူကပြောသည် 'မဟုတ်ပါဆရာ။ဘုရားသာလျှင်တပါးတည်းသော ဖန်ဆင်းရှင်ဖြစ်ပါသည်။ တပါးတည်း

သောဖန်ဆင်းရှင်သည်ဘုရားဖြစ်သည်’

သူကပြောပါသည် ‘စာတန်ကမဖန်ဆင်းဘူးဆိုလျှင် အဆိုးကဘယ်လိုဝင်လာပါသလဲ’

‘အဆိုးကိုဖန်ဆင်းခြင်းမဟုတ်ပါ။အဆိုး … စာတန်မဖန်ဆင်းနိုင်ပါ။ သို့သော်ဘုရားဖန်ဆင်းသောအရာကို သူပြောင်းပြန်ဖြစ်စေနိုင်ပါသည်။ဘုရားကအကောင်းကိုဖန်ဆင်းပါသည်။ စာတန်က အဆိုးဖြစ်အောင် ပြောင်းပြန်လုပ်လိုက်သည်။အခြားပြောင်းပြန်ဖြစ်သွားသောအရာများကဲ့သို့ပင်ဖြစ်ပါသည်။ ဖျားပါသည်’

ထို့ကြောင့် သိရှိခြင်းမှာ … တစုံတဦး … စာတန်နှင့်ပတ်သက်၍ သင်၏စိတ်ထဲမှာမေးခွန်းမေးစရာဖြစ်လာပါသည်။ အစအဦးမှာဖြစ်သည်။ တစုံတဦးက ကျွန်တော်ကိုမေးပါသည်။သိပ်မကြာမီကပင်ဖြစ်ပါသည် ‘စာတန်က ဖန်ဆင်းရှင်ဖြစ်ပါ သလား’

ကျွန်တော်ကပြောပါသည် ‘မဟုတ်ပါ ဆရာဘုရားသခင်ကသာတဦးတည်းသော ဖန်ဆင်းရှင်ဖြစ်ပါသည်။ ဖန်ဆင်းရှင်တစ်ပါးသည်ဘုရားဘဲဖြစ်သည်’

သူကပြောပါသည် ‘အဆိုးက မည်သို့ဝင်လာပါသလဲ။စာတန်က ဖန်ဆင်းတာမဟုတ်ပါ’

‘အပြစ်မှာဖန်ဆင်းခြင်းမဟုတ်ပါ။ အဆိုး … စာတန်မဖန်ဆင်းနိုင်ပါ။ သို့သော်သူကဘုရားဖန်ဆင်းသောအရာကို ပြောင်းပြန်လုပ်နိုင်ပါသည်’

သူကဖန်ဆင်းရှင်မဟုတ်ပါ။ဘုရားကဖန်ဆင်းရှင်ပါ။ သို့သော် စာတန်က ဘုရားဖန်ဆင်းထားသောအရာကို ပြောင်းပြန်လုပ်ထားပါသည်။ ဘုရားက ကောင်းတာကိုဖန်ဆင်းသည်။ စာတန်ကအဆိုးအဖြစ်ပြောင်းလဲစေသည်။ ပြောင်းပြန်လုပ်ခံရသောအခြားမည်သည့်အရာကဲ့သို့ပင်ဖြစ်နေပါသည်။ မှားပါသည်။

သင်၏စိတ်နှလုံးနှင့်အားလုံးဘုရားနှုတ်ကပတ်တော်နှင့်မကိုက်ညီပါက သေခြင်းမှထမြောက်တော်မူသော သခင်ယေရှုကိုယုံကြည်ပါကသင့်နှလုံးသားထဲမှာငြိမ်သက်ခြင်းရှိပါသည်။ သင်က အသင်းတော်နှင့်ဆိုင်ပါသည်။သင့်မှာပြောင်းလဲသောစိတ်ရှိကောင်းရှိပါမည်။ ပြောင်းလဲမည့်အစားပြောင်းပြန်စိတ်သဘောဖြစ်ပါမည်။ ခက်ခဲ၍ ဖြောင့်မှန်သော်လည်း ကောင်းပါသည်။ ဖြောင့်တန်းစွာထွက်ပေါ်သည်ထက် စောင့်စား၍ ကျွန်တော်မြစ်ထဲသို့ဆင်းလာသည်အထိစောင့်ပါ။

32 ၃၂။ ကိုယ်တော်ကိုကျွန်တော်မေးပါသည်။ ကျွန်တော်အမှုတော်မြတ်ထဲရောက်သည့်အခါမှာ ကျွန်တော်ပြောပါသည် ‘ဘုရားရှင်ကျွန်တော်လမ်းလွဲသွားပါကကျွန်တော်ကိုလမ်းမှန်ရောက်အောင်ပြင်ဆင်ပေးပါ’

ကျွန်တော်ထိုမနက်က မြစ်ထဲဆင်းလာသောအခါဘာအခက်အခဲမှမလိုချင်ပါ။ ကြောက်မက်ဖွယ် ရက်တရက်ဖြစ် လာပါမည်။ ထိုလှိုင်းများကျွန်ုပ်စိတ်ကိုရိုက်ခတ်လာသောအခါ မျှော်လင့်ချက်များအားလုံး ပျောက်ဆုံးသွားပါသည်။အသက်တာ၏တဲတဲကလေးဖြစ်နေသောကြိုးများပြတ်သွားပါပြီ။ ကျွန်တော်ဘာအခက်အခဲမှမလိုချင်ပါ။ ထိုအချိန်မှာ လူအိုကြီးအဖြစ်သာမျှော်လင့်ပါသည်။

ဗရမ်ဟမ်များမှာ အသက်ကြီးလာကြသောအခါတုန်ယင်ကြပါသည်။ ကျွန်တော်လည်း … အသက်ကြီးလာပြီး ဧဝံဂေလိတရားပင်မဟောနိုင်သောအချိန်ရောက်လာပါက ဆက်၍မနေလိုတော့ပါ။ လမ်းဆုံးကိုရောက်သောအခါ ပြန်လှည့်ကြည့်ပြီး လမ်း၊တောင်ကုန်းများကို ပြန်တွေ့ရပါသည်။ ခြေရာများကို ကြည့်ပြီးမြစ်အဆုံးမှာ ရပ်နေကြောင်းသိရပါသည်။ သိပ်မကြာမီမှာကျွန်တော်သွားရပါတော့မည်။

33 ၃၃။ ဖြစ်ရလေ။သဲပြင်ပေါ်မှာ ဒူးထောက်ထိုင်ချင်ပါသည်။ ကယ်တင်ခြင်းသံခမောက်လုံးကိုချွတ်၍ရင်အုပ်တန်ဆာကို ဖြုတ်ပြီးဓါးတောင်းကြီးနှင့် ဒုတ်ကိုထာဝရအဖိုးအောက်မှာပြန်ချထားပါသည်။ လက်ကိုထောင်၍ပြောပါသည် ‘အဖ အသက်ကယ်လှေကိုလွှတ်လိုက်ပါ။ ဒီမနက် ကျွန်တော်အိမ်ပြန်လာပါတော့မည်’ မှန်ပါသည်။

ကိုယ်တော်ထိုနေရာမှာရှိကြောင်းကျွန်တော်ယုံကြည်ပါသည်။

ကျွန်တော်၏ကယ်တင်ရှင်ကိုကျွန်တော်သစ္စာရှိပါက

သူ၏လမ်းပြလက်ကို ကျွန်တော်ဆွဲမည်

သေခြင်းမြစ်ကိုဖြတ်ရန် သူလမ်းပြမည်

ကောင်းကင်၏အသစ်သောသီချင်းကိုဆိုရန်

သူ၏ယုံကြည်သူကို သူကထားပါမည်။မှန်ပါသည်။

ဒါဝိဒ်ပြောပါသည် ‘သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့လျှောက်သွားရသော်လည်းဘေးအန္တရာယ်ကို မ ကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည်ကျွန်ုပ်နှင့်အတူရှိတော်မူ၍ လှံတံတော်နှင့်တောင်ဝှေးတော်သည် အကျွန်ုပ်ကိုချမ်းသာစေပါ၏။’

34 ၃၄။ ဘုရားကကြိုပြင်ပါသည်။သူ့ရှေ့မှာပေါ်ထွက်လာပြီး သူကအသင်းတော်ကို ဘိသိက်ပေးပါသည်။ လွန်ခဲ့သော

ညနှစ်ညကကျွန်တော်ဘုရားသခင်၏ ခေတ်ကာလကြီးသုံးခုကိုပြောပြခဲ့ပါသည်။ကျွန်တော်ပထမဆုံးပြုပြင်ပြောင်းလဲ ရေး ကိုယုံကြည်ပါသည်။ လူသားကထွက်လာပြီးယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်မည်ဟုဆိုပါသည်။ အမှောင်ခေတ်မှစ၍ပထမဆုံးပြုပြင်ပြောင်းလဲရေးကာလဖြစ်ပါသည်။ ၄င်းနောက် အမှောင်ခေတ်၏နှစ်ပေါင်းတစ်ရာငါးဆယ်ဖြစ် ပါသည်။ ခရစ်ယာန်များနှင့် သမိုင်းလေ့လာသောသူများစသည်တို့က ဘာလဲဆိုတာသိကြပါသည်။

လူသာမှာ ခေတ်ကာလ၏ ဘုရားလူဖြစ်ပြီးသတင်းစကားကိုဆောင်ယူရန် ထွက်ပေါ်လာပါသည်။ တောထဲမှာ ပုံ စံမျိုးဖြစ်ပါသည်။ ဣသရေလမှာ မီးတိုင်ရှိပါသည် .... မီးတိုင်ဖြစ်သည်။ နေ့ရောညပါသူတို့ကမီးတိုင်နောက်လိုက်ပါသည်။ ထိုမီးတိုင်ရပ်သွားသောအခါ ဣသရေလက ထိုမီးအောက်မှာစခန်းချရပါသည်။ သူတို့ထိုနေရာမှာ မီးတိုင်မရွေ့မခြင်း နေကြ ရပါသည်။ မီးနှင့်အတူဣသရေလက ရွေ့လျားရပါသည်။ သူက ဣသရေလအတွက် သဘာဝကျစွာပြုလုပ်သောအခါမှာ အသင်းတော်အတွက်ဝိညာဉ်ရေးရာမှာ ကိုယ်တော်ပြုလုပ်ပါသည်။

မာတင်လူသာက မီးတိုင်ကိုပြင်သောပထမဆုံးလူဖြစ်၍ လျှောက်ထွက်လာပါသည်။ ဤသတင်းစကားနှင့်ဆက် လှုပ်ရှားပါသည်။ 'ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်သည်' သူကသတင်းစကားကိုဟောပြော သည်။ လူတွေက သူ့နောက်လိုက်၍ လူသာပြုလုပ်သောအမှားမှာအသင်းတော်ကို သူကဖွဲ့စည်းပါသည်။ အရာခပ်သိမ်း လူသာရန်ဖြစ်လာရန် သူကပြုလုပ်ပါသည်။ ထိုနေရာမှာ သူက အဖျားလုပ်ထားပါသည်။

35 ၃၅။ ကျွန်တော်ကအဖွဲ့အစည်းတိုင်းကို နက်နဲစွာလေးစားပါသည်။ သူတို့အားလုံးကောင်းသည်ဟုကျွန်တော်ထင်ပါ သည်။ သူတို့အားလုံးပါဘဲ။ သူတို့ကို ဆန့်ကျင်၍မပြောပါ။ အကြောင်းမှာကျွန်တော်မှာ ညီအကိုကောင်းများ သူတို့ထဲမှာ များစွာရှိပါသည်။ ပလက်ဖေါင်းပေါ်မှဘယ်တော့မှ မဟုတ်ပါ။ ရူပါရုံများ အောက်မှာဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ကဘယ်သူကိုမဆို စိန်ခေါ်၍ သူတို့ကို ဖျားနေသောဘုရားကျောင်းဖြစ်ကြောင်း ပြောပါသည်။အလုပ်ဖြစ်သည်ကို ဘယ် တော့မှ မတွေ့ရပါ။

ဘာအမျိုးအစား သီးဆိုသောသူကသူတို့ကိုပြောပါမည် ... ဘယ်အသင်းတော်မှာ သူတို့ပါဝင်ကြောင်းနှင့်ထိုသို့ သောခြားနားသည့်အရာများဖြစ်ပါသည်။ သို့သော် ဘယ်သူ၏ယုံကြည်ခြင်းကိုမှသူကစိန်မခေါ်ပါ။ 'သင်မှားနေသော အသင်းတော်ထဲ ရောက်နေသည်' ဟုမပြောပါ။

36 ၃၆။ ပထမဆုံးပြုပြင်ပြောင်းလဲရေးအောက်မှာ လူသာရှိခဲ့ပါသည်။ သူက အဖွဲ့အစည်းဖွဲ့စည်း၍လူသာရင်အသင်း တော်ကိုပြုလုပ်ပါသည်။ မီးတိုင်က စတင်၍ထွက်ကိုက်ပါသည်။ လူသာရင်များကမလှုပ်ရှားနိုင်ပါ။ အကြောင်းမှာ သူတို့ မှာစာရွက်စာတမ်းများဆွဲထားပြီးသားဖြစ်နေပါသည်။ 'ကျွန်တော်တို့ ဒါကိုယုံကြည်၍အဲဒါဘဲဖြစ်ပါတယ်' ဘုရားက အသစ်သောဗျာဒိတ်ကိုပြပါက လူသာရင်များမလှုပ်ရှားနိုင်ပါ။

ဂျွန်ဝက်စလီ အမည်ရှိ လူတစ်ဦးရှိပါသည်။သူကရူပါရုံမြင်ပါသည်။ မီးတိုင်ရွေ့လျားနေပါသည်။ သူက သန့်ရှင်း စင်ကြယ်စေခြင်းသတင်းစကားကိုကြားပါသည်။ ကျေးဇူးတော်၏ ဒုတိယအလုပ်ဟုခေါ်ပါသည်။ မက်သဒစ်များက ... လူသာရင်များ ထိုအထဲသို့ ဝင်မသွားနိုင်ပါ။ အကြောင်းမှာသူတို့ကိုသွန်သင်ပေးခြင်းမဟုတ်သောကြောင့်ဖြစ်ပါသည်။ ဝက် စလီကို ခန့်အပ်၍သန့်ရှင်းစင်ကြယ်ခြင်းကို သွန်သင်ပေးပါသည်။ တနယ်လုံးကိုကြီးမားသောနိုးထမှုဖြစ်စေပါသည်။

ဝက်စလီယန်ခေတ်က အင်္ဂလန်နိုင်ငံကိုပျက်စီးခြင်းထဲမှ ကယ်ထုတ်လိုက်ပါသည်။ အင်္ဂလန်ရှိ ကယ်လ်ဗင်အ သင်းတော်မှာအလွန်ပျက်စီးနေသဖြင့် နိုးကြားရေးများကိုပင် သူတို့မယုံကြည်ကြတော့ပါ။ 'ဘုရားအလုပ်လုပ်ပါသည်။ ဘုရား လုပ်ပါမည်။ ဘာကွာခြားမှုဖြစ်လာပါသလဲ။ သူတို့ကိုဘုရားကကယ်တင်ပါမည်။ သူတို့ကယ်တင်ခြင်းရရန် မွေးဖွားလာပါ သည်။ (သို့)သူတို့ပျောက်ဆုံးရန် မွေးဖွားလာပါသည်။ အို ဘယ်လို အခြေအနေမျိုးထဲ ဝင်ရမှာလဲ'

ဘုရားက ကုသပေးမည့်သူကိုစေလွှတ်ပါသည် ... သန့်ရှင်းသောစင်ကြယ်ခြင်းကို ဟောပြောသော ဂျွန်ဝက်စလီ ကိုစေလွှတ်ပါသည်။ ဂျွန်ဝက်စလီလုပ်သော အခက်အခဲမှာ သူကမက်သဒစ်အသင်းတော်ကိုတည်ထောင်ခြင်းပင်ဖြစ်ပါသည်။ သူတို့စာတမ်းရေးထိုးကြပါသည်။ 'ငါတို့ ဒါကိုယုံကြည်ပါသည်။ အဲဒါဖြစ်ပါတယ်' တနေ့သောအခါမှာ မီးတိုင်စတင်လှုပ်ရှား ပါသည်။ ဝက်စလီကထိုအရာနှင့်မလှုပ်ရှားနိုင်ပါ။ အကြောင်းမှာ သူကထိုအရာအတွက် ဖွဲ့စည်းပြီးသားဖြစ်လို့ပါဘဲ။

37 ၃၇။ မိမိတို့ကိုယ်ကိုပင်တေကုတ္တေဟုခေါ်သော လူတစုရှိပါသည်။ သူတို့မီးတိုင်ကိုတွေ့၍သန့်ရှင်းသောဝိညာဉ်တော် ကိုလက်ခံပါသည်။ ဝိညာဉ်ဆုကျေးဇူးများကို လက်ခံပါသည်။အခြားသောဘာသာစကားပြောခြင်းစသည်တို့ဖြစ်ပါသည်။ သူတို့အဝေးသို့ ထွက်သွားပြီးနိုးထမှုကိုဖြစ်စေပါသည်။ ကျွန်ုပ်တို့၏ဧည့်သည် ... 'တနင်္ဂနွေဧည့်သည်' ကက်သလစ်အ သင်းတော်က လွန်ခဲ့သောနှစ်နှစ်ခန့်ကခွင့်ပြုခဲ့ပါသည်။ ပင်တေကုတ္တေအသင်းတော် ထိုနှစ်က သူတို့ထက်ပိုလုပ်နိုင်ခဲ့သည်ဟုဆိုသည်။ ပင်တေကုတ္တေများအနေနှင့် လူတစ်သန်းခွဲလောက်ကို ပြောင်းလဲပေးခဲ့ပါသည်။ကမ္ဘာပေါ်မှာ အတိုးတက် ဆုံး အသင်းတော်များဖြစ်ပါသည်။ ပင်တေကုတ္တေများပင်ဖြစ်ပါသည်။

သို့သော်နတ်ဆိုးက ဘာလုပ်သလဲ။သူလည်းပါလာပြီး အဖွဲ့အစည်းဖြစ်စေပါသည်။ သူတို့စတင်ဖွဲ့စည်းပြီး ခြံစည်း ရိုးကာ၍လိုင်းများဆွဲသည်။ နောက်ထပ်ဘာလဲသိလား။ မီးတိုင်က တဖန်ထွက်သွားပြန်ပါသည်။ပင်တေကုတ္တေများ အဖွဲ့ အစည်းကြောင့်မလှုပ်ရှားနိုင်တော့ပါ။ သို့သော်ဘုရား၏မီးကဆက်၍ လှုပ်ရှားလျက်ရှိနေပါသည်။ ခေတ်ကာလတိုင်းမှာ ကိုယ်တော်လုပ်နေပါသည်။သမိုင်းမှာ ဘယ်အသင်းတော်မှ ကျဆင်းခဲ့သောအရာမှာ ပြန်လည်မနိုးထတော့ပါ။ သင်သိထား ပါ။သူတို့ကျဆင်းသွားပါပြီ။

ကျွန်တော်တို့ကန့်သတ်မျဉ်းများ မဆွဲရပါ။ 'ငါတို့ ဒါကိုယုံကြည်တယ်' ဟုပြောရပါမည်။ အချိန်ကာလနှင့်အဆုံး မသတ်ရပါ။ ပုဒ်ဖြတ်နှင့်အဆုံးသတ်ရပါမည်။ 'ငါတို့ဒါကိုယုံကြည်ပါသည်။နောက်ပေါင်းထည့်ရမည်မှာ ကျွန်ုပ်တို့နှလုံးသားများထဲကိုဘုရားကတောင်းထည့်သမျှပင်ဖြစ်သည်။ ငါတို့ဒါကိုယုံကြည်တယ်'

38 ၃၈။ ဘုရားသခင်ကအစအဦးမှာ ... လုပပါသည်။ ထိုပုံစံများဖြစ်ပါသည်။ကျွန်တော်တို့မှာ အချိန်ရပြီး သွားရန်ဖြစ်ပါ သည်။ သို့သော် ဆယ့်ငါးမိနစ်၊မိနစ်နှစ်ဆယ်ခန့်မှာ ကျွန်တော်ထွက်လာခဲ့ပါသည်။ ကျွန်တော်တို့မလုပ်နိုင်ပါ။သို့သော် ကျွန်တော့စိတ်ထဲမှာ ရှိသောအရာကို ကျွန်တော်ယူလိုပါသည်။ထိုသုံးခုအတွက်ဖြစ်ပါသည်။

ဧလိယက ဧလိရှဲကိုတွေ့သောနေရာကိုကြည့်ပါ။သူနှင့်အတူ လျှောက်လှမ်းရန်ပြောပါသည်။ ၎င်းနောက် သူက ပြောပါသည် 'ငါတို့ဒီမှာစောင့်နေမယ်။အခြားမြို့ကိုငါတက်သွားရပါမည်'

ဧလိရှဲက ပရောဖက်ဖြစ်ပြီးသူ၏နေရာကိုယူရန်ဖြစ်ပါသည်။ 'ကိုယ်တော် အသက်ရှင်သဖြင့် ကိုယ်တော်၏စိတ်ဝိညာဉ်ကအသက်ရှင်ရပါမည်။ သင့်ကိုငါစွန့်မပယ်ပါ'

အဲဒါဧလိရှဲဖြစ်ပါတယ်။ ဧလိယမှာခရစ်တော်၏ပုံစံဖြစ်ပါသည်။ ပြောင်းလဲ၍ ဧလိရှဲမှာ အသင်းတော်ပုံစံဖြစ်၍ သူ၏နေရာကိုယူပါသည်။ သူ၏သာသနာကို အဆုံးသတ်ရန် နှစ်ဆလုပ်ရပါမည်။

39 ၃၉။ သူကပြောပါသည် 'ငါပရောဖက်ကျောင်းများပေါ်တက်သွားမည်။ မင်းဒီမှာနေခဲ့' ဒုတိယခရီးစဉ်ဖြစ်ပါတယ်။

သို့သော် ဧလိယကပြောပါသည် 'သင်၏ဝိညာဉ်အသက်ရှင်နေသရွေ့ သင့်ကိုငါမစွန့်ပစ်'

သူကဆက်သွားပါသည်။ပရောဖက်ကျောင်းသို့ရောက်သောအခါ သူကပြောပါသည်။ 'ယော်ဒန်မြစ်ကို ငါဖြတ် တယ်။မင်းဒီမှာနေခဲ့'

သူကပြောပါသည် 'သင်၏ဝိညာဉ်အသက်ရှင်၍ငါဒီမှာနေမည်မဟုတ်ပါ။ သင်နှင့်အတူသွားမည်'

ဒါကိုကြိုက်ပါတယ်။ ဆွဲကိုင်ထားရန်ဆုံးဖြတ်ထားပါသည်။ အဖိုးအခပေးရသော်လည်း ဆက်လှုပ်ရှားပါ။ ဘုရားနှင့် အတူဆက်သွားပါ။ ရေပိုနက်လေ အတွေ့အကြုံပိုနက်နဲလေဖြစ်ပါသည်။ မေတ္တာပိုများပါသည်။ ကန့်သတ်မှုမရှိပါ။အ ကန့်အသတ်မဲ့ပါ။

40 ၄၀။ ယော်ဒန်မြစ်မှာသေခြင်းကိုကိုယ်စားပြုပါသည် ... အခြားနေရာနှစ်နေရာမှာ သူကလာပါသည်။သေခြင်းနှင့် ၎င်း နှင့်ဆက်စပ်မနေပါ။ ကျောင်းမှာ လည်ပတ်မှုများဖြစ်ပါသည်။ဖြောင့်မတ်ခြင်း သန့်ရှင်းစေခြင်းကဲ့သို့ဖြစ်သည်။ ပထမဆုံး အပြင်ခန်းများဖြစ်သည်။အတွင်း ... ပထမကန့်လန့်ကာ ... (သို့) ပထမပလ္လင်ဖြစ်သည်။ သူကယော်ဒန်သို့ ရောက်သောအခါသေခြင်းကို ကိုယ်စားပြု၍ သင်ကသေရပါမည်။ ၎င်းနောက် သူကယော်ဒန်ကိုဖြတ်သွားသောအခါအခြားတဖက်သို့ ရောက် ၍ သူ့ထံလှည့်ရပါသည်။ သူကပြောပါသည်။ 'ငါသင့်အတွက်ဘာလုပ်ရမှာလဲ'

သူကနောက်ပြန်သွားနေခြင်းမဟုတ်ပါ။သူကပြောပါသည် 'သင့်ဝိညာဉ်၏နှစ်ဆ ကျွန်ုပ်ပေါ်ရောက်ပါမည်' များစွာပေးပါသည်။ သူကပြောသည် 'သင်ကောင်းတဲ့အရာကြီးမားတဲ့အရာပါ။ ငါသွားတာကိုတွေ့လျှင်သင်ရပါမည်'

41 ၄၁။ ဧလိရှဲကဧလိယကို မကြည့်တော့ခြင်းကိုသင်တွေးမိပါသလား။ အသင်းတော်နှင့် ပတ်သက်၍ ယနေ့အခက်အခဲမှာ ထိုအရာပင်ဖြစ်ပါသည်။ ကတိတော်ကိုရရှိသောသူများမှာ ကျွန်တော်တို့မှာရှိပါသည်။ 'သင်သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိပါမည်။ ' သို့သော်သူတို့မျက်စိတဖက်ကလောကကိုကြည့်၍ နောက်တဖက်မှာဘုရားကိုကြည့်ပါသည်။ သင်ကျဆုံးရန် သေချာပါသည်။ သင့်မျက်စိတဖက်(သို့)တဖက်ကို ထုတ်ယူလိုက်ပါ။ လောကအရာများကိုမကြည့်ပါနှင့်တော့။သင့်ပတ် ဝန်းကျင် သင့်အဖွဲ့အစည်းကိုမကြည့်ဘဲ ခရစ်တော်ကိုကြည့်ပါ။

ဧလိရှဲက ဧလိယကိုကြည့်နေပါသည်။မကြာမီမှာ မီးရထား၊ မြင်းရထားများဆင်းလာပြ ီး ဧလိယက တက်လိုက်သွား ပါသည်။ သူတတ်သွားသည်နှင့် ဝတ်ရုံကိုချွတ်ပြီး ယော်ဒန်မြစ်ကိုလိုက်၍ သေခြင်းဖြင့်လမ်းကြောင်းလုပ်၍ ဧလိရှဲကို ပစ် ပေးခဲ့ပါသည်။ သူကကောက်ယူ၍ ဖော်လိုက်သည်။အလွန်လှပသောခရစ်တော်၏ ပုံစံပါ။ သူထွက်သွားသောအခါ မိန်းမ တယောက်က သူ့ကိုပြောပါသည်။

'ကိုယ်တော် ကျမသားနှစ်ဦးကိုကိုယ်တော်ရဲ့လကျာ်နဲ့လက်ဝဲတဖက်တချက်စီမှာ ထိုင်စေပါ'

'ငါသောက်သောခွက်ကိုသင်သောက်နိုင်မည်လား'

'ဟုတ်ကဲ့'

'ငါခံသောဗတ္တိဇံကိုခံမည်လား'

'ဟုတ်ကဲ့'

'အမှန်အကန်ပါဘဲ။သင်လုပ်နိုင်ပါတယ်'

42 ၄၂။ သန့်ရှင်းသောဝိညာဉ်တော်ကခရစ်တော်အပေါ်မှာ ရှိသောဘုရားပေးသည့် ဝတ်ရုံဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘိသိက်ပေးခြင်းဖြစ်သည်။ ပင်တေကုတ္တနေ့မှာ သူတို့တက်သွားပြီး အထက်ခန်းမမှာစောင့်နေကြပါသည်။ ယေရှု က

ဧလိယ၏ဆန့်ကျင်ဖက်ပုံစံဖြစ်၍ သေခြင်းမှဆောင်ယူ၍ရှင်ပြန်ထမြောက်ပါသည်။ ဝတ်ရုံကိုသူကပြန်ပို့ပါသည်။ သူ့အ ပေါ်သက်ရောက်သော သန့်ရှင်းသောဝိညာဉ်တော်ကအသင်းတော်အပေါ်သက်ရောက်ပါသည်။ သူကပြောပါသည် 'ငါ ပြုသောအမှုထက်သာ၍ကြီးသောအမှုတို့ကိုပြုကြလိမ့်မည်'

ခရစ်တော်အပေါ်မှာထိုသန့်ရှင်းသောဝိညာဉ်တော်၏နှစ်ဆသောတန်ခိုးက အသင်းတော်အပေါ်သက်ရောက်ပါ သည်။ဧလိရှဲက ဝတ်ရုံကိုယူ၍မြစ်ထဲဆင်းသွားသည်။ မြစ်ကိုရိုက်၍ 'ဧလိယ၏ဘုရားဘယ်မှာလဲ' ဟုပြောသည်။

43 ၄၃။ အိုဖြစ်ရလေ။သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသည်ဟု ကျွေးကျော်သူများဘုရားကိုသွားကိုက်တာယုံကြည် ရန်ကြောက်ပြီးနေကြပါသည်။ ဟာလေလုယာ။ ညီအစ်ကိုတို့ယော်ဒန်မြစ်ကိုဖြတ်ကျော်၍ တဖက်ကမ်းသို့ကူးပါ။ သန့်ရှင်းသောဝိညာဉ်တော်၏နှစ်ဆခရစ်တော်အပေါ်သက်ရောက်ခဲ့သည်။ဤနှစ်စကိုအသင်းတော်အပေါ်ပြန်၍စေလွှတ်ပါမည်။ ဆက်လက်၍ အမှုတော်မြတ်ကိုကိုယ်တော်နှင့်ကြွလာတော်မူသည့်တိုင် လုပ်ဆောင်သွားပါမည်။

'ခဏအကြာမှာလောကကြီးက ငါ့ကိုမတွေ့ရတော့ပါ။ငါသင်တို့နှင့်အတူရှိမည်(ကိုယ်ပိုင်နာမ်စား)ကပ်ကမ္ဘာ ကုန်ဆုံးသည့်တိုင်အောင်ရှိပါမည်'

သူကသေခြင်းမှထမြောက်၍ဒီညသူ၏အသင်းတော်နှင့်အတူရှိပါသည်။ ဝိညာဉ်ပုံစံနှင့်သင့်အား တန်ခိုးများကိုပေး မည် ... လောကမှာရှိသော သူ၏တန်ခိုးကို အသင်းတော်အတွက်အသုံးပြုလွှဲအပ်ပြီး သင်ကအသုံးချရန် ကြောက်နေပါ သည်။ နောက်ဆုံးအသင့်ကိုဖြတ်ကျော်ပါ။ ယော်ဒန်မြစ်ကိုသင်တကယ်ဖြတ်ကျော်ပြီလား။

44 ၄၄။ ယော်ဒန်မြစ်ကိုသင်ဖြတ်သောအခါ သေခြင်းပင်ဖြစ်ပါသည်။ သင်ကမနေ့ညက ကျွန်တော်ပြောသော လိုက်ကာနောက်ကွယ်သို့ရောက်သွားခြင်းဖြစ်ပါသည်။မြင့်မြတ်သန့်ရှင်းရာဌာနတော်အတွင်းဖြစ်ပါသ်။ သင်၏အလင်းမှာ လောကနှင့်မဆိုင်တော့သောအချိန်ပင်ဖြစ်ပါသည်။ မိဿဟာယဖွဲ့၍ ဘေးနားမှာလျှောက်ရပါမည် 'ခရစ်တော်သင့်အထဲမှာရှိ၍ ဘုန်းတော်ကိုမျှော်လင့်ပါသည်။ လူသားအထဲမှာသန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှား၍ အသက်ရှင်နေပါသည်'

ယနေ့ည သင့်ကိုကျွန်တော်ပြောပါကကျွန်ုပ်အထဲမှာ ကြီးမြတ်သောပန်းချီဆရာ၏ဝိညာဉ်ကျိန်းဝပ်နေပါသည်။ သင်ကပန်းချီဆရာကဲ့သို့ပုံဆွဲနိုင်သည်ဟု မျှော်လင်ပါသည်။ သင့်ကိုကျွန်တော်ပြောပါမည်။ John Dillinger ၏ဝိညာဉ်ကျွန်တော်အထဲမှာရှိပါက ကျွန်တော်မှာ သေနတ်ကြီးများရှိမည်ဟု သင်ကြည့်ပြီးဖျက်ဆီးမည့်သူအဖြစ် မြင်ပါမည်။ ခရစ် တော်၏ဝိညာဉ်ကျွန်ုပ်အထဲမှာရှိသည်ဟုကျွန်တော်ပြောပါမည်။ ခရစ်တော်၏ဝိညာဉ် ကျွန်ုပ်အထဲမှာရှိသည်ဟု ကျွန်တော် ပြောပါကခရစ်တော်၏အလုပ်များကို ကျွန်တော်လုပ်ရပါမည်။ သင်က ခရစ်ယာန်ဖြစ်ပါကအပြစ်နှင့်အတ္တနှင့်ဒေါသများကို စွန့်ခွာပါ။ ခရစ်တော်ကဲ့သို့ အသက်ရှင်ပါ။ငြိမ်သက်၊ နှိမ့်ချ၊ ဘုရားကောင်းချီးပေးသော အသက်တာဖြစ်ပါသည်။ အာမင်။ မှန်ပါတယ်။

45 ၄၅။ အိုဖြစ်ရလေ။ ကျွန်တော် ယခုဘာသာတရားကိုင်းရှိ◌ုးသလိုခံစားရပါတယ်။ တကယ်ပါ။ အိုကျွန်တော်နှစ်သက်ပါ တယ်။ နှုတ်ကပတ်တော်ပါဘဲ။ တကယ်ကောင်းပါတယ်။သင့်ဝိညာဉ်ကိုသန့်စင်စေပါသည်။ ပဌမအပိုဒ်ကို သတိပြုပါ။ ငါ တို့သည်ယေရှုခရစ်အားဖြင့် သားအရာကိုရမည်အကြောင်း ဟုရေးသားထားပါသည်။

သားအရာပေးခြင်းနှင့်ပတ်သက်၍ကြီးမားသောပုံပြင်ရှိပါသည်။ (သို့)နေရာချထားခြင်းပါ။ ပင်တေကုတ္တေညီအစ် ကိုများ၊ ဒါကိုသင်တို့သဘောမတူဘဲ ဖြစ်ကောင်းဖြစ်မည်။ သို့သော် သေချာနားထောင်စေချင်ပါတယ်။ အခုဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ဘဲလိုပါတယ်။

တခုမေးချင်ပါတယ်။ ကျမ်းတတ်ပုဂ္ဂိုလ်များဓမ္မဟောင်းကျမ်းမှာ မွေးစားခြင်း ဥပဒေပညတ်ရှိပါတယ်။(သို့)သား နေရာပေးခြင်းဖြစ်တယ်။သင်သိပါတယ်။ ဂလာတိဩဝါဒစာမှာ ဆရာကကလေးကိုမည်သို့ပြုစုပျိုးထောင်သည့် အကြောင်းပင်ဖြစ်ပါတယ်။

ဘာဖြစ်ပါသလဲ။ ဖခင်ဖြစ်သူက သူ့အိမ်မှာကလေးမွေးလာပါသည်။ လူကလေး၊ ယောကျာ်းလေးဖြစ်ပြီး မွေးလာ ပါသည်။ သို့သော်သူ့အားဆရာလက်အပ်၍ ထိုဆရာက ကလေးကိုပြုစုပျိုးထောင်ပါသည်။ ဖခင်ဖြစ်သူထံတချိန်လုံးကလေး မည်သို့တိုးတက်လာကြောင်းပြောပြရပါသည်။ အချိန်တန်သောအခါ ကလေးမှာတန်ဖိုးရှိသောကလေးဖြစ်လာပါသည်။ သူက လုံးဝကောင်းပါသည် ... မဟုတ်ပါက တချို့အရာများဖြစ်လာပါသည်။ သူကအဖိုးမတန်ပါ။သို့တိုင် သားဖြစ်နေပါသည်။ ဖခင်ဖြစ်သူ၏ အရိုက်အရာကိုမရပါ။

သို့သော် သူကအဖိုးတန်ကလေးဖြစ်၍အဖိုးတန်ကြောင်းတွေ့ရသဖြင့် လူအများရှိရာနေရာကိုခေါ်ထုတ်သွားပါ သည်။ ဤဖခင်မှာ ....ရယူပါ။ ဒီမှာပါ။ မလွဲစေပါနဲ့။ ဒီကလေးရဲ့ ဖခင်ပါ ... သူတမိသားစုထဲမှာ မွေးလာပါတယ် ... ပင်တေ ကုတ္တေပါ။ အတိအကျပါ(အခြားသူမှာကလေးမှာပါ)မိသားစုထဲသို့ သားအဖြစ်မွေးဖွားလာပါသည်။

46 ၄၆။ ပင်တေကုတ္တေများနှင့်၊လွတ်လပ်သောမက်သဒစ်များ၊ နှစ်ခြင်းများ စသည်တို့မှာ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိပါက သူတို့ပြောပါသည် 'ငါတို့ရပြီ ဒါကိုဖြေရှင်းပြီ' သို့သော်မဟုတ်ပါ။

မက်သဒစ်ကပြောပါသည် 'ညီအစ်ကိုငါတို့အော်ပါက ငါတို့ရပါတယ်' အဲဒါမက်သဒစ်တွေပြောလေ့ပြောထပါဘဲ။ မက်သဒစ်တိုင်းအော်၍ 'ညီအစ်ကိုသင်ရပြီ' ဟုပြောမည်။ သို့သော်သူတို့မရကြောင်း သူတို့တွေ့ပါမယ်။

ပင်တေကုတ္တေက အခြားသောဘာသာစကားပြောပါက 'ငါတို့ရပြီ' ဟုပြောသည်။ သို့သော် သင်မရကြောင်း သင် သိရပါသည်။

အဲဒါမှန်ပါတယ်။ အသက်တာက သက်သေပြပါတယ်။

လူတွေအခြားသောဘာသာစကားပြောတာတွေ့ရပါတယ်။ခြောက်သွေ့နေသော တင်းကုတ်တဲကိုပဲများ ထည့်သ ကဲ့သို့ဖြစ်ပါတယ်။ ၄င်းနောက်ထွက်သွားပြီး လိမ်ညာခိုးဝှက်နှင့်အရာရာကိုလုပ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကိုမခေါ်နိုင်ပါဘူး။ သို့သော်စောင့်ပါ။ ကျွန်တော်အော်ဟစ်ပြီးအခြားသောဘာသာစကားပြောတာကို ယုံကြည်ပါတယ်။ သို့ သော် သင့်အထဲကိုတစုံတရာထည့်ထားရန်ကျွန်တော်ကြိုးစားနေပါတယ်။ သင ကျွန်တော်ကိုစိတ်ဆိုးပါမည်။ သို့သော်သင်ထိုနေရာမှာမရှိပါ။ မှန်ပါသည်။

47 ၄၇။ ဘာဖြစ်သလဲကြည့်ပါ။ကလေးမိသားစုထဲမှာမွေးလာသောအခါ ဖခင်ဖြစ်သူက ဘာကိုမှမရဘဲ သူကမှန်ကန်သောကလေးအမျိုးအစားဖြစ်ကြောင်း သက်သေပြရပါမည်။ ဆရာမှာ သန့်ရှင်းသောဝိညာဉ်တော်ဖြစ်၍ဖခင်ဖြစ်သူကို ကလေး၏ တိုးတက်မှုကို တချိန်လုံးပြောပြနေပါသည်။

ယခုကျွန်တော်တို့ခြံစည်းရိုးခုန်ရန်ကြိုးစားရပါသည်။ မြင်းရှေ့မှာ လှည်းကိုတပ်ရန်ကြိုးစားပါသည်။ ဘုရားမလုပ် ခင် သူကပြောဆိုလုပ်ကိုင်ပါသည်။သူတို့ဇာတိအလုပ်များစွာလုပ်ကြပါသည်။ အသင်းတော်မှာထိုသို့ဖြစ်နေပါသည်။

ပင်တေကုတ္တေယုံကြည်ချက်ကဒီအရွယ်အစားရှိတဲ့ ပရိသတ်အပေါ်မှာ ကျရောက်ပါက ညီအစ်ကို။ ကယ်လီဖိုးနီး ယားတနယ်လုံးဒီမှာဒီည ဘာဖြစ်သလဲဆိုတာ သိသွားကြပါသည်။ မှန်ပါသည်။ တခုခုမှားနေပါသည်။ဘုရားကမှားတာ မဟုတ်ပါ။ သင့်ယုံကြည်ခြင်းလည်းမမှားပါ။ မှန်ကန်စွာနေရာချထားပါတယ်။သင်ဘာလုပ်သလဲဆိုတာသိပါတယ်။ ဘယ်လို လုပ်ရမလဲ သိပါတယ်။ အရာတခုလုံးရဲ့လျှို့ဝှက်ချက်ပါဘဲ။ ဘုရားအလိုတော်ကိုဝန်ခံခြင်းဘဲဖြစ်ပါတယ်။

48 ၄၈။ သူကမွေးကတဲကသားဘဲဖြစ်ပါတယ်။ ပင်တေကုတ္တေများက သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိသောအခါ မွေးဖွားလာပါပြီ ... ကျွန်တော်ဆိုလိုတာကပင်တေကုတ္တေတစုံတဦးကိုပါ။ လေးဖက်လေးတန်ရှိပါသည်။ နောက်ထပ်ဘာရှိပါ ဦးမလဲ။လူတိုင်းအားလုံး သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိကြောင်း ယုံကြည်သူများဖြစ်ပါသည်။

ကျွန်တော်တို့နှစ်ခြင်းများ၊ကင်ဘောတီများ၊ ကျွန်တော့်အသင်းတော်နှင့်ပင်တေကုတ္တေကြားမှာ တခုတည်းသောကွာခြားချက်မှာ ကျွန်တော်ဒီကိုလာတဲ့အခါ အခြားသောဘာသာစကားပြောဆိုခြင်းမှာ သိသာသောအထောက်အထား ပင်ဖြစ်ပါသည်။ တခုတည်းသောကွာခြားချက်မှာကို တခုထဲသာဖြစ်ကြောင်းကျွန်တော်တွေ့ရပါမည်။

49 ၄၉။ ကျွန်တော်ဒီမှာတရားဟောနေပါတယ်။ သိပ်မကြာသေးမီက နှစ်ခြင်းအသင်းတော်မှာပါ။ ကျွန်တော်ကပြောပါသည် ..ဘယ်သူကမှ ‘အာမင်’ မပြောပါ။ ဘာမှမပြောပါ။မိခင်ကြီးများကြိုးဦးထုတ်စောင်း၍ အပေါ်တက်လိုက်အောက်ဆင်းလိုက် နှင့်အော်နေကြပါသည်။ ကျွန်တော်ကမေးပါသည် ‘ဒါနှစ်ခြင်းအသင်းတော်လား’

သင်းအုပ်ဆရာက ယဉ်ကျေးစွာခေါင်းငုံ့၍ ‘ဟုတ်ပါတယ်။ ဆရာ’ လို့ပြောပါတယ်။ ကဲ့သို့ ...

ကျွန်တော်က ပြောပါတယ် ‘သေချာပါတယ်အဲဒီလိုမဟုတ်ပါ’ ကျွန်တော်အတတ်နိုင်ဆုံး လျှော့ချလိုက်ပါတယ်။ ဘယ်သူမှ ‘အာမင်’ မပြောပါ။တောင့်တောင့်ကြီး ထိုင်နေကြပါတယ်။ ကျွန်တော်ကပြောပါတယ် ‘နားထောင်ပါ၊ သင်ကနှစ်ခြင်းမဟုတ်ပါ။ သင်ကအသင်းဝင်သူများသာဖြစ်ပါတယ်။ ငါလာတဲ့နေရာကပါဘဲ။သင်နှစ်ခြင်းဖြစ်ခဲ့တဲ့အခါမှာ ငါတို့ပလ္လင် ကနေထွက်လာပြီး တဦးကိုတဦးကျော်ထု၍ထွက်လာသည်အထိဖြစ်ပါသည်’

ညီအစ်ကို ကျွန်တော်ပြောပါမယ်။ ယနေ့ကျွန်တော်တို့လိုအပ်သောအရာမှာ ရှေးကျသောပလ္လင်မှာ နောက်ကျော ထု၍နောက်ဆုံးထွက်လာရသည်အထိဖြစ်ပါသည်။ ဟာလေလုယာ။ သင်အပြစ်၌ သေဆုံးသည့်တိုင်အောင်ဖြစ်၍သန့်ရှင်း သောဝိညာဉ်တော်အားဖြင့် အသစ်တဖန်ဖွားမြင်ရပါမည်။

သင့်စာအုပ်ပျောက်ဆုံးသွားပါကလည်းကိုယ်တော်ရှင်သင့်ထံပြန်ယူလာပါမည်။ သင်ဒုက္ခရောက်လည်း ကိုယ်တော် ကသင့်ကိုမစွန့်ပစ်ပါ။ ညီကညီအစ်ကို ဘဲဖြစ်ပါမည်။ သင့်ကိုပွေ့ဖက်ထားပါမည်။ သင့်ကိုပြန်ကောက်ယူရန်ကူညီပါမည်။ သုံးအတွက် ဆုတောင်းပေးပါမည်။ အာမင်။ (တိတ်သားမှာကွက်လပ်ဖြစ်နေသည်)

50 ၅၀။ ကလေးငယ်မွေးဖွားလာသောအခါသူကသားဖြစ်ပါသည်။ သို့သော် သူ့အပြုအမူက အမွေခံမှုနှင့် သက်ဆိုင်ပါ သည်။သင့်ကိုကျွန်တော် တကယ်ဘဲရိုးသားစေချင်ပါတယ်။ အမွေခံမှုကို နဲနဲလေးဝေးသွားစေရန်ကျွန်ုပ်တို့၏အပြုအမူ အတိုင်းသွားစေပါလား။

ယနေ့အဖြစ်အပျက်မှာ ထိုသို့ပင်ဖြစ်ပါသည်။ကျွန်တော်တို့ဝေးဝေးနေရပါမယ်။ သို့သော် ကျွန်တော်တို့ဝေး၍ အောက်ရောက်နေပါပြီ။ ဘာကြောင့်လဲ။ ကျွန်တော်တို့၏အပြုအမူကြောင့်ဘဲဖြစ်ပါတယ်။ကျွန်တော်တို့လေးစားမှုမရှိကြ ပါ။

ကျွန်တော်စည်းဝေးပွဲများမှာရပ်နေပြီးသမ္မာကျမ်းစာကိုနားလည်ပါက ... ကျွန်တော်တကယ်ဘဲ စာကောင်းများရ ပါမည်။သို့သော် ကောင်းသွားမည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်ဆက်၍ ဆုတောင်းနေပါမည်။သို့သော် အခြားသောဘာသာစကားပြောဆိုသော ဆုကျေးဇူးရှိသူများကို ကျွန်တော်သတိပြုမိသည်။စနစ်တကျပြောဆိုပါသည်။ တရားဟောဆရာက တရားဟောနေစဉ်မှာ တစုံတဦးထရပ်၍အခြားသောဘာသာစကားပြောပါသည်။ အစီအစဉ်တကျ မဖြစ်ပါ။ ပရောဖက်များ၏ ဝိညာဉ်များ၊ ပရောဖက်နှင့်သာဆိုင်ပါသည်။ ဘုရားနှုတ်ကပတ်တော်က ပထမဖြစ်၍ ဒုတိယမဟုတ် ပါ။ဘုရားနှုတ်ကပတ်တော်ဖြစ်ပါသည်။

51 ၅၁။ လူတွေထပြီးအခြားသောဘာသာစကားပြောတာ ကျွန်တော်တွေ့ခဲ့ဘူးပါတယ်။ လူတိုင်းသွားကြပါသည်။ ဆက်သွားပါ။ ဂရုမစိုက်ပါနှင့်။ အစီအစဉ်တကျမဟုတ်ပါ။ သင်ကလေးစားသင့်ပါသည်။ တကယ်ဘဲဘုရားဝိညာဉ်တော်ဖြစ်ပါက တစုံတရာပြောပါစေ။ ဘုရားကဘာဘဲပြောပြောနားထောင်ပါ။ ချထားပါ။

ဘုရားကစကားလုံးများကို မရှုတ်ထွေးစေပါ။တစုံတရာကို ထပ်ထပ်ပြောပါ။ အချဉ်းနှီးစကားများ ထပ်ခါထပ်ခါ မပြောရန်သူကကျွန်တော်တို့ကိုပြောပါသည်။ သူကမပြောပါ ... ကျမ်းစာကိုသာ ရည်ညွှန်းပါ။ သင်ကသင်တို့အချို့ ... အတိအကျပင်တစုံတခု၊ တစုံတရာဖြစ်မည်ကိုပြောပါမည်။အချိန်တချိန်မှာ တစုံတရာဖြစ်မည်ဆိုလျှင် လိုက်နာပါ။ ထိုသို့ မဟုတ်ပါက ထိုသူမှာပလ္လင်တော်ရှေ့သွားပြီး ဘုရားနှင့်မှန်အောင်လုပ်ရပါတော့မည်။ သူတို့အပေါ်မှာဝိညာဉ်ဆိုးရှိနေပါ သည်။

သင်က ဤအဓိပ္ပါယ်မရှိသောအရာများကိုရှင်းလင်းပစ်ရပါမည်။ မှန်ပါသည်။

ဘုရားကျောင်းထဲကျွန်တော့်ကိုဝင်လာသောအခါ နှလုံးသားမှာလေးစားမှုပြည့်နေရပါမည် ... အသင်းတော်မှာ လူမှု အစုအဝေးမဟုတ်ပါ။ အားကစားရုံမဟုတ်ပါ(သို့)တနေ့လုံး လုပ်ခဲ့သမျှကိုပြောရမည့်နေရာလည်းမဟုတ်ပါ။ဝတ်ပြုကိုးကွယ် မည့်နေရာပါ။ ကျွန်တော်တို့က ရှုတ်ထွေးသောနေရာဖြစ်စေပါသည်။ ဗိုး။သင့်ကိုဗိုက်နာစေပါသည်။ သို့သော် သင့်အတွက် ကောင်းပါသည်။ ကောင်းပြီ။ ဘုရားကထိုဗိုက်နာခြင်းကိုကယ်တင်ပါသည်။ သင်သိပါသလား။

52 ၅၂။ မောရှေကလူနှစ်သန်းကိုတောထဲမှာ ဦးဆောင်သွားပါသည်။ နှစ်ပေါင်းလေးဆယ်အကြာလမ်းပြခဲ့ပါသည်။အခြား တဖက်မှာ သူထွက်လာသောအခါ သူတို့ထဲမှာ အားနည်းသူတဦးမှမရှိပါ။

ဒီညဒီမှာရှိတဲ့ ဆရာဝန်တွေ (သို့)သင်တို့အချို့က ဒေါက်တာမောရှေဘာဆေးပေးသလဲဆိုတာ သိချင်ပါသလား။ထိုသူများကိုမေးပါသလား။ ညစဉ်ညတိုင်း ကလေးဘယ်နှစ်ယောက်မွေးလာပါသလဲ။အသက်ကြီးသူဘယ်နှစ်ဦးသည်ဖြင့် ဘယ်နှစ်ဦးမသန်မစွမ်းဖြစ်လဲ။ ဘယ်နှစ်ယောက် ဗိုက်နာသလဲ။ညကိုဖြတ်ကျော်နိုင်ပါသလား။ ဒေါက်တာမောရှေက တ ခုစီကိုဂရုစိုက်ပါတယ်။

သူ့ရဲ့ဆေးအိတ်ကြီးကိုကြည့်ပြီးသူဘယ်လိုဆေးမျိုးပေးသလဲဆိုတာကြည့်မလား။ ဘာလဲဆိုတာ သိလိုပါသလား။ ဘာလဲဆိုတာကြည့်ကြပါစို့။ ဒီမှာပါ။ 'ငါသည်သင်တို့အနာရောဂါအားလုံးကိုပျောက်စေသောဘုရားဖြစ်သည်' အာမင်။ တ ခုတည်းသောကယ်တင်ရာဖြစ်ပြီးလူနှစ်သန်းအတွက်ပေးရခြင်းဖြစ်ပါသည်။

သူတို့ရှိသေနာခံနေသည်နှင့်အမျှပွက်လောရိုက်ပြောဆို ရှုတ်ရှက်ခတ်မနေပါက သူတို့နာခံပါက ဘုရားရှေ့မှာနှိမ့်ချစွာသွားနေသမျှ ဘုရားကသူတို့ရှေ့မှာ သွားပါသည်။ လက်ကိုဆွဲကိုင်၍ လင်းယုန်ငှက်ပြန်တောင်ပံပေါ်မှာ သူတို့ကို တင် သွားပါမည်။ သူတို့စနစ်တကျမရှိတော့သောအခါမှာ ဘုရားကသူတို့နှင့်ကွဲကွာသွားပါသည်။ မှန်ပါသည်။ လမ်းခရီးမှာ မိုင်ငါးဆယ်ခန့်သာရှိပါသည်။ သူသုံးရက်နှင့်ပင်ရောက်နိုင်ပါသည်။ နှစ်ပေါင်းလေးဆယ်လည်ပတ်နေရပါသည်။ ယနေ့အသင်းတော်လည်း ထိုသို့ပင်ဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးရှုတ်ထွေးကုန်ပါပြီ။

53 ၅၃။ သားတော်အရာသို့ပြန်သွားရပါသည်။ဘာဖြစ်ပါသလဲ။ ယခုကလေးမွေးလာသောအခါမှာ သူကအသစ်တဖန်မွေး ဖွားခြင်းကိုရရှိပါသည်။ထိုအရာကိုသာမနေ့ညက ကျွန်တော်ကျင့်သုံးရပါသည်။ မန္နမုန့်ကျလာပါသည်။ မှန်ပါသည်။ ညစဉ်ညတိုင်းကျရမှာပါ။ တခါတရံမှာ အနည်းငယ်ဆာလောင်မွတ်သိပ်မှုဖြစ်ရပါသည်။ အကြောင်းမှာမန္နမုန့်သည် ကြာကြာမခံ ဘဲဆာလာတတ်ပါသည်။ လူတဦးက လိုက်ကာထဲဝင်သွားသောအခါမြင့်မြတ်သန့်ရှင်းရာဌာနထဲဝင်ရောက် အသက်ရှင် နေထိုင်ခွင့်ရပါသည် ...

သင်ကပြောပါသည် 'ဘရာသာဇရမ်ဟမ်ငါတို့အဲဒီမှာနေပါသလား'

အာရုံတဦးတည်းသာဝင်သွားပါသည် ... (သို့) မောရှေ၊ တနှစ်တခါ ...(သို့)အာရုံ၊ (သို့) ယဇ်ပုရောဟိတ်အကြီး သူကဘိသိတ်ပေးခြင်းခံရဖို့လိုပါသည်။ သို့သော်ခရစ်တော်က လိုက်ကာကိုဖြဲလိုက်ပါသည်။ ယုံကြည်သူတိုင်းမြင့်မြတ်သန့်ရှင်းရာဌာနတော်ထဲဝင်ကြရပါသည်။ နေ့စဉ်နေ့တိုင်းအသက်ရှင်သောမန္နမုန့်ကိုစားရခြင်းမဟုတ်ပါ။ တနေ့မကုန်မှီပေးရသောမန္နမုန့်ဖြစ်ပါသည်။ မနက်ခင်းဆုတောင်းချက်ကလေးပင်ဖြစ်ပါသည်။ သို့သော်အမြဲတမ်းသခင်ယေရှုရှေ့တော် မှာ အသက်ရှင်နေပါသည်။ ကိုယ်တော်နှင့်အတူလျှောက်လှမ်း၍စကားပြောရပါသည်။

54 ၅၄။ ပင်လယ်ကိုဖြတ်၍ရောက်လာသောအိုးရစ်အမျိုးသီးတဦးကို ကျွန်တော်သတိရပါသည်။ သူမဒီကိုလာရန် လမ်းမှာရောက်နေပါသည်။ သင်္ဘောပေါ်မှာ တီးဝိုင်းကတေးသီချင်းဆိုနေပါသည်။ ဆက်၍သွားနေပါသည်။မကြာမီမှာ ကြီးမား သောမုန်တိုင်းကြီးကျရောက်လာပါသည်။ သူတို့က SOSများလွှတ်ကြသည်။

သင်္ဘောကကပ်ပတိန်ကပြေးဆင်းလာပြီးပြောသည်။ 'သင်တို့ဂီတကိုရပ်လိုက်ပါ. နယူးယောက်ကနေ အကြောင်းကြားတယ် ငါတို့မိနစ်သုံးဆယ် ထိန်းမထားနိုင်ရင် ပယ်လင်ကြမ်းပင်အောက်ရောက်သွားပါမယ်၊ဂီတသံကိုပြောင်းလိုက် ပါ။ အားလုံး ဆုတောင်းကြပါ'

လူတိုင်းဒူးထောက်ဆုတောင်းကြသည်။တီးဝိုင်းကလည်း 'ကိုယ်တော်နှင့်နီးစေပါ' သံစဉ်ကိုစတင်တီးခတ်ကြ သည်။ သူတို့အားလုံးစတင်ဆုတောင်းကြ၍ သင်္ဘောက အရှေ့အနောက်လူးနေသည်။ လှိုင်းများကြားမှာဘောင်ဘင်ခတ်နေသည်။ အိုင်ရင်းမိခင်အိုကလေးမှာ ဝတ်ရုံရှည်ကြီးဝတ်လျက်လက်ရှည်ဂါဝန်ဆံပင်ရှည်နှင့် တက်လိုက်ဆင်းလိုက်လုပ်ပြီး 'ဟာလေ လုယာ၊ ဟာလေလုယာ' ဟု အော်နေသည်။

သူတို့ကမေးပါသည်။ ‘ဘာကြောင့်ဆုမတောင်းတာလဲအမ’

သူမကဖြေပါသည် ‘ကျမ ဆုတောင်းပြီးပြီကျမအဆင်သင့်ဖြစ်ပြီ’ မှန်ပါသည်။ ကိုယ်တော်နှင့်အတူလျှောက်ပါ။ အဆင်သင့်ဖြစ်ပါ။

55 ၅၅။ ခဏကြာလျှင်သူတို့ဆက်သွား၍ သင်္ဘောကပွတိန်ပြန်လှည့်လာပြီးပြောပါသည် ‘အမဘာဖြစ်နေတာလဲ’ ‘ကျမ သိပ်ပျော်ပါတယ်’

‘ကျွန်တော်ပြောတာနားလည်သလေား။ဒီသင်္ဘောက … မိနစ်သုံးဆယ်ရပ်မနေနိုင်ရင်ငါတို့အားလုံး ပင်လယ်ကြမ်းပြင်အောက်ရောက်သွားမယ်’

‘ကျမနားလည်ပါတယ်။ဟာလေလုယာ’

‘ဘာဆိုလိုတာလဲအမ’

‘ဘုရားကိုချီးမွမ်းနေတာပါ’

‘ခင်ဗျားဆိုလိုတာက… နောက်ဆယ့်ငါးမိနစ်မှာပင်လယ်ကြမ်းပြင်အောက်ရောက်မှာလို့ဆိုလိုတာလား’

‘ဟုတ်တယ် ကျမအိုင်ယာလန်ကနေ အမေရိကန်ကိုသွားပြီး သမီးကိုတွေ့မယ်။ နှစ်ပေါင်းသုံးဆယ်မတွေ့ကြရဘူး။အမေ ရိကန်မှာသမီးကိုသွားတွေ့မယ် မိနစ်သုံးဆယ်ကြာရင် ကျမသူ့ကို အမေရိကန်မှာတွေ့ရမှာပါ။ မဟုတ်ရင် ဘုန်းဝင်စား တဲ့တယောက်ကို တွေ့ရမှာပါ။ နှစ်ဦးထဲက တဦးကိုနောက်မိနစ်သုံးဆယ်အတွင်းမှာ တွေ့ရပါမယ်။ ဟာလေလုယာ’

ဟုတ်ပါတယ်။ အဲဒါပါဘဲ။ ဆုတောင်းပါ။ကိုယ်တော်ရဲ့လျှောက်လှမ်းပါ။ ဘယ်အချိန်မှာထာဝရကာလကို ရောက် မလဲမသိနိုင်ပါ။ ကိုယ်တော်နှင့်နီးကပ်စွာနေပါ။ လိုက်ကာနောက်မှာနေပါ။

56 ၅၆။ ဒုတိယမွေးခြင်းမှာနှစ်သက်ဖွယ်အရာဖြစ်ပါသည်။ သို့သော် အဲဒါအကုန်မဟုတ်သေးပါဘူး။ ညီအစ်ကို။ ထိုကလေးကိုမွေးစားရပါဦးမည်။ ဓမ္မဟောင်းမှာရှိသမျှ ဓမ္မသစ်ကိုသယ်ဆောင်သွားရပါဦးမည်။ပုံစံများနှင့်အရိပ်များဖြစ်ပါသည်။ လူတွေကိုသင်မတွေ့ရပါ …. လက်တွဲလောင်းနှင့်လူပါ။ negative ကို positiveမလုပ်လျှင် ပေါ်ထွက်မည်မဟုတ်ပါ။ အရာခပ်သိမ်း ဖြစ်ရပါမည်။

သူတို့သွားကြပါသည်။ အမှန်ကား … သူ၏သားမှာတော်ဝင်ကလေးဖြစ်ကြောင်း ဆရာက စကားပြန်ပါက သူကဖခင်၏လုပ်ငန်းကိုစိတ်ထဲထားမည့်သူပါ။ ပျော်ရွှင်သူဖြစ်သည်။သူ့ဖခင်၏လုပ်ငန်းကိုကိုင်တွယ်တတ်ပါသည်။ အို သူ့ဖခင်၏နှလုံးသားက နှစ်သက်လှပါသည်။သူချစ်သောကြောင့်ဖြစ်ပါသည်။

57 ၅၇။ သူအသက်အရွယ်ရလာသောအခါကြီးမြတ်သောနေ့တနေ့ကို သူသတ်မှတ်လိုက်ပါသည်။ လမ်းထဲမှ သက်သေများခေါ်ပြီးကလေးကိုခေါ်၍ အထူးဝတ်စားဆင်ယင်ပေးပါသည်။ လုပသောဝတ်ရုံဖြစ်၍လမ်းထဲခေါ်သွားပြီးမွေးစားခြင်း ပွဲလုပ်ပါသည်။ ဖခင်ဖြစ်သူ ထိုကလေး၏ဖခင်အရင်းကသူ၏မိသားစုထဲသို့ သူ့ကိုမွေးစားလိုက်ပါသည်။

ကျမ်းစာအားဖြင့် သင်သိရပါသည်။သားဆရာပေးခြင်းဖြစ်သည်။ သူမိသားစုထဲသို့ မွေးစားလိုက်ပါသည်။ ထိုနေ့ မှစ၍ထိုလူကလေးမှာ ဖခင်၏တရားဝင်ချက်လက်မှတ်များကို ရေးသားခွင့်ရသည်။ ဖခင်မှာ ဘာဘဲရှိရှိသူက အမွေခံရပါ သည်။ သူ့ကိုမွေးစားပါသည်။ သူက သူ့ဖခင်၏ပစ္စည်းများအပေါ်သြဇာရှိသည်။ဖခင်နှင့်အခွင့်ညီမျှသည်။ သူကဆရာမ ဟုတ်တော့ပါ။ သို့သော် သူက …(သို့)ဆရာက သယ်ဆောင်သွားပြီး ပိုင်ဆိုင်ခွင့်လုံးဝရှိပါသည်။

အသင်းတော်ထိုနေရာသို့ ရောက်သွားပါပြီ။သင်ထိုနေရာပြန်ရောက်ပြီး ဒုတိယဖွားမြင်ခြင်းခံရပါက အဖြေကရပြီ ဟုသင်ထင်ပါသည်။ လွယ်ကူစွာ ထွက်သွားပါသည်။ သင်က မန္တမုန့်လုံးမလောက်နှင့် အစာငတ်နေပါသည်။စည်းဝေးပွဲတ ပွဲပြီးတပွဲမတက်ရတော့ပါ။ အဲဒါဘာလဲ။ ဘုရားကသူ၏အသင်းတော်ကိုသူကြည့်နေပါသလား။

58 ၅၈။ ဘုရားကသူ၏သားတော်ကို ထိုအတိုင်းပြုလုပ်ပါသည်။ သက်သေအဖြစ်ဆုံးကိုယူပါသည်။သမ္မာကျမ်းစာဆိုထား ပါသည်။ ‘ဆုံးမှာ သက်သေဖြစ်ပါသည်။ သူကပေတရု၊ ယာကုပ်နှင့်ယောဟန်၊မေတ္တာ၊ မျှော်လင့်ခြင်းနှင့် ပေးကမ်းခြင်းကို ဆောင်ယူပါသည်။ သူတို့ကိုမြင့်မားသောတောင်ကြီးများ၊ အလွန်မြင့်သောတောင်ပေါ်သို့ ဆောင်ယူသွားပါသည်။ ယေရှု မှာသူတို့ရှေ့တွင် ကိုယ်အရောင်ပြောင်းလဲပါသည်။ သူ၏ဝတ်ရုံမှာ နေကဲ့သို့တောက်ပပါသည်။အသံတော်ကိုကြားရပါသည်’ ‘ဤသူမှာ ငါ၏ချစ်သားပေးတည်း။ သူ့အသံကိုနားထောင်ပါ။ယေရှုပြောနိုင်သည်မှာ အံ့သြစရာမရှိပါ။’ ကောင်းကင်နှင့် မြေကြီးပေါ်ရှိအခွင့်တန်ခိုးအားလုံးကို ငါ၏လက်ထဲသို့ပေးအပ်ပြီ။

59 ၅၉။ အသင်းတော်မတိုးတက်ခြင်း၏အကြောင်းရင်းမှာ ညီအစ်ကို သင်တနေရာမှ တနေရာသို့ ခုန်သွားခြင်းကြောင့် ဖြစ် ပါသည်။ ဒီနေရာမှ ဟိုနေရာသို့ ကမ္ဘာပေါ်မှာ လျှောက်သွားနေပါသည်။ ဒီလမ်းတိုင်းပတ်သွားပါသည်။သင့်အဖွဲ့အစည်း များကို ရှုတ်ထွေးစေ၍ သင့်ဂိုဏ်းဂဏကိုလည်း ရှုတ်ထွေးစေပါသည်။ သင်ကဒီအရာ ဟိုအရာ(သို့)အခြားအရာများ သင်က တပါးတဆူ၊ နှစ်ပါး၊ သုံးပါး၊ ငါးပါး (သို့) ဗတ္တိဇံခံသည့်အခါမျက်နှာအရှေ့ဖက်လှည့် အနောက်ဖက်လှည့် စသည်ဖြင့် အို အမျိုးစုံပါဘဲ။ ရှုတ်ထွေး၍အတားအဆီးများဖြစ်စေပါသည်။ ထိုအကြောင်းကြောင့် အသင်းတော်က မတိုးတက်ခြင်းဖြစ်ပါ သည်။မှန်ပါသည်။

သင့်နံရံများကို သင်ဖျက်ချလိုက်ပါကဒီအရာကို ဒါဖြစ်ပါစေ။ ထိုအရာကို ထိုအရာဖြစ်စေပါ။ သင်ဘာဘဲဖြစ်ဖြစ် ကိစ္စမရှိပါ။သို့သော်

သင်၏လက်ကို သင့်ညီအစ်ကို လက်ထဲထည့်နိုင်သောအခါ ညီအစ်ကိုဟုခေါ်ပါ။ကျွန်တော်တို့ အ ကြောင်းတခုထဲအတွက် အလုပ်လုပ်နေပါသည်။ဘုရားသခင်၏နိုင်ငံတော်အတွက်ဖြစ်ပါသည်။

60 ၆၀။ ဘုရားနိုင်ငံတော်အတွက်အလုပ်လုပ်နေသော မည်သည့်ညီအစ်ကို ကိုမဆို ဖတ်၍မရနိုင်အောင် ဖြစ်သောနေရာ သို့ကျွန်တော်ရောက်ပါက ညီအစ်ကို အဖြစ်အသိအမှတ်မပြုနိုင်ပါကကျွန်တော်နောက်ကြောင်းပြန်နေပြီဟု ခံစားရပါသည်။ သေချာပါသည်။

ပလက်ဖေါင်းပေါ်ရပ်ရန်နှင့်ဝိညာဉ်ဆိုးများကိုရင်ဆိုင်ရန် ကျွန်တော်ကြောက်နေပါက ညီအစ်ကိုတဦးဦး ကိုမနာလိုဖြစ်နေပါက ဘယ်သူဘဲဖြစ်ဖြစ် ယေရှုခရစ်တော်၏ ဧဝံဂေလိတရားကိုဟောပြောရန်ကြိုးစားသူအတွက်(သို့)ခရစ်ယာန် အသက်တာနှင့် အသက်ရှင်သူအတွက်ကိစ္စမရှိပါ။

သီသြော်လော်ဂျီကိုကျွန်တော်တို့လက်မခံပါက သခင်ယေရှုကို သူကချစ်ပါက သူသည် ကျွန်တော်၏ ညီအစ်ကိုညီအစ်မပါဘဲ။ ကျွန်တော်တို့ အမျိုးအစားခွဲခြားကြပါသည်။ သင်မြင်တွေ့နေရသောညီအစ်ကိုကို မချစ်နိုင်ပါက သင်တခါ မှမတွေ့ရသော ဘုရားသခင်ကိုသင်မည်သို့ချစ်နိုင်ပါမည်နည်း။ ညီအစ်ကို မေတ္တာရှိပါက ဘုရားက ၄င်းနှင့် အတူသွားပါသည်။ အကြောင်းမှာ ဘုရားသခင်၌ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်။ ဘုရားမေတ္တာမပါဘဲ သင်ဘယ်နေရာကိုမှ မရောက် နိုင်ပါ။သင်တို့တဦးကိုတဦး ချစ်ကြပါက ဘုရားသခင်ကို သင်ချစ်ပါသည်။

61 ၆၁။ နားထောင်ကြည့်ပါ။အိမ်မှာ ဒီညာ သင်၏လူကလေးမှာ ဝဂတုတ်တုတ် ချစ်စရာကောင်း၍ ငါးလသားအရွယ်သာ ရှိပါသည်။ သူ့အကြောင်း ပရောဖက်ပြုချက်ကို သင်ကြားပြီးပါပြီ။ တလောကလုံး ကကျွန်တော်ကိုရယ်မောကြပါသည်။ 'သူကယောသပ်ရမယ်လို့ ကျွန်တော်ထင်တယ်' သူလာပါသည်။ ဘုရားက သူလာနေတယ်လို့ ပြောပါတယ်။ သူဒီကိုရောက် လာပါတယ်။ ကျွန်တော်မှာအသက်ဆယ့်ကိုးနှစ်အရွယ် လူကလေးရှိ၍ လေးနှစ်အရွယ် မိန်းကလေးအပြင်မှာရှိသည်။ နောက်တဦးမှာ နှစ်နှစ်အရွယ်ပါ။ ကျွန်တော်တို့ သင်ဘာဘဲပြောပြော ကိစ္စမရှိပါ။ကျွန်တော်ဂရုမစိုက်ပါ။ သို့သော် ကလေး များအကြောင်းမပြောပါနှင့်။ ကျွန်တော်အပေါ်မကောင်းပါနှင့်။ သူတို့အပေါ်သာ ကောင်းကြပါ။

ဘုရားကလည်း ထိုကဲ့သို့ပင်ခံစားရပါသည်။ဒါသူ့ရဲ့သားသမီးတွေပါဘဲ။ တဦးအပေါ်တဦးကောင်းလာပါမယ်။ တဦး အပေါ်တဦးရိုးသားရပါမယ်။တဦးအပေါ်တဦး မရိုးသားဘဲ ခရစ်ယာန်များအဖြစ်ပြောနိုင်ပါမည်နည်း။ ကျွန်တော်မစဉ်းစားတတ်တော့ပါ။ သင့်ညီအစ်ကိုနှင့်သင်မရိုးသားဘဲမည်သို့ဖြစ်နိုင်မည်နည်း။ တဦးကိုတဦးမမှန်မကန် လုပ်ပြီး ညီအစ်ကို ချင်း မခေါ်ကြတော့ဘဲ သူက တစုံတရာအတွက်သူမနှစ်သက်သောအကြောင်းဖြစ်ပါသည်။ မည်သို့ဖြစ်နိုင်ပါမည်နည်း။

အို ညီအစ်ကို ကျွန်တော်ပြောမယ် ...

အစေခံသောသိုးသူငယ်ကိုယ်တော်၏အဖိုးထိုက်တန်လှသောအသွေးတော်

၄င်း၏တန်ခိုးလျော့မချပါ

ဘုရားအသင်းတော်တခုလုံးချီဆောင်ခံရပါက

အပြစ်အတွက်မဟုတ်တော့ပါ

ယုံကြည်ခြင်းဖြင့် ချောင်းကိုတွေ့ရသည်

ကိုယ်တော်၏ဒဏ်ချက်အနာများကပံ့ပိုးပေးသည်

ကယ်တင်သောမေတ္တာကကျွန်ုပ်၏အဖေကအကြောင်းအရာဖြစ်သည်

ငါသေဆုံးသည်တိုင်အောင်ဖြစ်သည်။

62 ၆၂။ မေတ္တာဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူသည်။ ချစ်သောသူမှာ ဘုရားနှင့်ဆိုင်သည်။ဘုရားမေတ္တာ ဖြစ်သည်။ ကိလေသာမေတ္တာ မဟုတ်ပါ။

မေတ္တာနှစ်မျိုးနှစ်စားရှိပါသည်။လွတ်လပ်သောမေတ္တာအတွက် ကျွန်တော်တို့ဒီအထဲကိုရောက်ပါသည်။ မေတ္တာဟုခေါ်သောအရာဖြစ်ပါသည်။ သို့သော် ထိုအရာမှာ ဘုရားမေတ္တာမဟုတ်ပါ။နတ်ဆိုး၏လှောင်ပြောင်ခြင်းပင်ဖြစ်ပါသည်။ သင်သိပါသည်။မေတ္တာနှစ်မျိုးနှစ်စားရှိပါသည်။ 'ဖီလီယိုမေတ္တာ' ဟုခေါ်သောမေတ္တာရှိပါသည်။ 'အဂ္ဂါပေ မေတ္တာ' ဟုခေါ် သောမေတ္တာရှိပါသည်။

ဖီလီယိုမေတ္တာမှာ ဂရိစကားလုံးဖြစ်၍အဓိပ္ပါယ်မှာ 'သင့်အပေါ်ထားသောငါ၏မေတ္တာ ...(သို့)ကျွန်ုပ်ဇနီးအတွက် မေတ္တာ' သင့်ဇနီးကိုသင်က ဖီလီယိုမေတ္တာနှင့်ချစ်ပါသည်။ထိုမေတ္တာမှာ သင်ရရှိပါက ... သူမကို မနာလိုဖြစ်ပါမည်။ လူတဦးကသူမကိုရန်စပါက ထိုသူကိုသင်သတ်ပါမည်။ အဲဒါ ဖီလီယိုမေတ္တာပါ။

အဂ္ဂါပေအိုမေတ္တာမှာ ပျောက်ဆုံးသောသူ၏ဝိညာဉ်အတွက် သင်ကသူ့အတွက်ဆုတောင်းပေးပါသည်။ ကွာခြား ပါသည်။ လူတွေနားမလည်နိုင်သောအရာဖြစ်သည်။ ချစ်ခင်စွာနှင့်လုပ်ဆောင်ပေးသောဦးဏှောက်ပိုင်းဆိုင်ရာ အခြေအနေ မဟုတ်ပါ။

လုံးဝပင်အမှန်တကယ် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကကျွနုပ်တို့နှလုံးသားများကို အတူတကွ ချည်နှောင်ပေါင်းစပ်၍ခရစ်ယာန်မိသဿဟာယနှင့်မေတ္တာမှာဖြစ်ပါသည်။

63 ၆၃။ ကျွန်တော်စိန်ခေါ်နိုင်ပါသည်။မက်သဒစ်၊ နှစ်ခြင်း၊ ပရက်ပတေးရီးယန်း နှင့်ပင်တေကုတ္တေတို့အားလုံး ဒီအထဲမှာတဦး၏အတွေးကို ချိုးဖျက်၍ တဦးကိုတဦး တကယ်ချစ်ခင်ကြင်နာ၍ ညီအကိုတဦးညီအစ်ကိုမောင်နှမများကဲ့သို့ ဆက်ဆံ ပါက အကြီးမားဆုံးနိုးထမှုကြီးဒီချိုင့်ဝှမ်းမှာဖြစ်ပေါ်လာပါမည်။ တခြားနည်းလမ်းဖြင့် တော့မရနိုင်ပါ။

သင်က ဆက်လှုပ်ရှားနေကြောင်းဘုရားကပြင်ရသောအခါ ... ဘုရားထံရောက်လာသော သားတိုင်းဘာဖြစ်ရမလဲ။ပထမဆုံးဘုရား၏ အဆုံးအမကိုခံယူ၍ ကြိုးစားသက်သေပြပါ။ ထိုအကြောင်းကို သင်သိပါသလား။သင်ပြုလုပ်သော ဆုံး ဖြတ်ချက်အပေါ် သင်ပြုလုပ်ပါ။ သင့်ကိုပြုလုပ်၍ ဘုရားကလုပ်ပါသည်။ရောက်လာသောသားတိုင်းကို ဘုရားကဆုံးမပါ သည်။

64 ၆၄။ သန့်ရှင်းသောဝိညာဉ်တော်ကိုသင်လက်ခံလိုက်သည်နှင့်တပြိုင်နက် လူတိုင်းက သင့်အကြောင်းစတင်ပြောဆို ကြပါသည်။ သင်ကြောင်သွားပါပြီ။ စိတ်ဖေါက်သွားပါပြီ။ သင်က သန့်ရှင်းသော ကခုန်သူပါ။ (သို့)ထိုကဲ့သို့တစုံတခုပါဘဲ။ ဆုံးမခြင်းကိုသင်မခံယူနိုင်ပါက သမ္မာကျမ်းစာဆိုထားသည်မှာသင်ကတရားမဝင်ကလေးဖြစ်သွားပါသည်။

သို့သော် သင်က တကယ်ဘဲ ဘုရားအားဖြင့်ဖွားမြင်ပါကလောကကြီးပြောတာနဲ့ ဘာမှမကွာခြားပါ(သို့) ဘယ်သူ က ဘာဘဲပြောပြောသင့်ရပ်တည်ချက်ကိုသင်သိပါသည်။ ငရဲမှနတ်ဆိုးများအားလုံးကသင့်ကိုစိတ်ဆိုးအောင်မလုပ်နိုင်ပါ။ သင်၏ အသီးများအားဖြင့် သင်ကသက်သေပြပါသည်။သင့်အသံအားဖြင့်မဟုတ်ပါ။ သင့်အသက်တာအားဖြင့်ဖြစ်ပါသည်။ သင်အသက်ရှင်သည်မှာမှန်ကန်သောအသက်တာဖြစ်ပါသည်။ သင်အသက်ရှင် ...

တံဆိပ်ကို သင်မြင်ပါသလား။စာရွက်ကလေးတရွက်ပေါ်မှာ တံဆိပ်ကို အရှေ့ဖက်မှာ ရိုက်နှိပ်ပါသည်။ အနောက်ဖက်မှာလည်းရိုက်နှိပ်သည်။ နှစ်ဖက်စလုံးပါ။ သင်ရှေ့သို့တိုးသောအခါသင်၏အသက်တာနှင့်သင်ထားခဲ့သောအရာအား ဖြင့် သင်သည်ဘုရားသားများနှင့်သမီးများဖြစ်ကြောင်းသိရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်တကယ်ဘဲတံဆိပ် ခတ်ခြင်းခံရပါက ဘုရားမေတ္တာသင့်နောက်လိုက်လာပါသည်။

65 ၆၅။ ကျွန်တော်ရံဖန်ရံခါဒါကိုပြောပါသည် ‘သင်ကဆားငန်လွန်းလျှင် ကမ္ဘာကြီးရေငတ်ပါသည်’ သင်ကလောက၏ဆား ဖြစ်သည်။ ကမ္ဘာမြေကြီးရေငတ်လိမ့်မည်။ သင့်ပတ်ဝန်းကျင်မှာ သင်နေထိုင်၍အေးပတ်ဝန်းကျင်မှလူများက သင့်ကိုသိ ပါသည်။ သူတို့ပြောကြပါသည်။ ‘ဟိုမှာစစ်မှန်တဲ့ခရစ်ယာန်ပါ။ သင့်ကိုပါ ပြောပြမည်။ ခရစ်ယန်ရှိတယ်ဆိုရင် သူမက ခရစ် ယန်ပါ။သူကခရစ်ယာန်ပါ’ ထိုနည်းအတိုင်းဖြစ်ရပါမည်။

ဆုကျေးဇူးများအားလုံးထက် ထိုအရာကိုကျွနုပ်နှလုံးသားထဲမှာလိုအပ်ပါသည် ... ဘုရားသခင်က သူ၏ကျမ်းစာထဲမှာရေးသားထားပါသည်။ မှန်ပါသည်။ သမ္မာကျမ်းစာဆိုထားပါသည် ‘ငါ သည်လူနှင့်ကောင်းကင်တမန် ဘာသာစကားကို ပြောသော်လည်း ...’ သူလုပ်နိုင်ပါသည်။ မေတ္တာမရှိလျှင် အချည်းနှီးဖြစ်၏။ ကျွနုပ်မှာပညာနှင့်ပြည့်စုံပြီး ဘုရားနှုတ်ကပတ် တော်ကိုနားလည်အောင်လည်း မေတ္တာမရှိလျှင်ငါသည် အချည်းနှီးဖြစ်၏။ တောင်များကိုရွေ့သွားလောက်အောင် ယုံကြည် ခြင်းရှိသော်လည်း ... ထွက်လာပါ။ ယုံကြည်ခြင်းရှိပါ။ အနာရောဂါငြိမ်းစေသည်သာမကတောင်များကိုရွှေ့ပြီးမေတ္တာမရှိ ပါက ... တတ်နိုင်သော်လည်း ... တတ်နိုင်သော်လည်း သင်တတ်နိုင်ကြောင်းဖြစ်နိုင်ပါသည်။

66 ၆၆။ သင်တို့ပင်တေကုတ္တေများပေးသူအစား သင်က ဆုကျေးဇူးနောက်လိုက်သွားပါသည်။ ဘုရားထံပြန်လာပါ။ သင့် နှလုံးသားထဲမှာတကယ်ဘုရားမေတ္တာကိုရယူပြီး မိဿဟာယဖွဲ့ပါ။ ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါ။ ညီအစ်ကို ဆုကျေးဇူးများက သူ့နေရာသူယူပါမည်။ သူဟာသူရှိနေပါစေ။ လာပါလိမ့်မည်။

ဘုရားက အသင်းတော်ထဲမှာသင့်ကိုမြင်ကြောင်းနေရာချထားပါမည်။ သူကသူ့မိသားဟုပဲ သင့်ကိုမွေးစားပြီး နောက်သင့်ကိုခေါ်ပါသည်။ ဆုတောင်းစည်းဝေးကလေးထဲမှာတနေ့နေ့တွင်ခေါ်ပါမည်။ ပထမဆုံးသင်သိရမည်မှာ သင့်အ ပေါ်ဝတ်ရုံကိုတင်၍ပြောပါမည် ‘သား သင့်ကိုဇဝံဂေလိဟောရန် ငါစေလွှတ်ပြီး’ တလောကလုံးကိုထိုအကြောင်းသိပါမည်။ မှန်ပါသည်။ သင့်ကိုခေါ်ထုတ်၍ ပြောပါမည်။ ‘သားသင့်ကိုငါစေလွှတ်သည်မှာ လူနာများအတွက် ဆုတောင်းပေးရန်ဖြစ် ပါသည်’

သူ့မိသားဟုထဲသို့ သင့်ကိုမွေးစားသောအခါထိုအရာများကိုကြည့်ပါ။ သို့သော် သင်မရုန်းနိုင်ပါ။ အသိဉာဏ်နှင့် သင်မလုပ်နိုင်ပါ။ဘုရားက သူ၏ဆုကျေးဇူးများကို ဖော်ပြပါသည်။ ဘုရားက သူ့ဆုကျေးဇူးများကိုသက်သေပြပါသည်။သို့ သော် ပေးသောသူမရှိဘဲ ဆုကျေးဇူးမှာ ဘာဖြစ်ပါမည်လဲ။ သင်ကျမ်းစာကိုနားလည်ပါကအော်ဆိုဒေါ့စ်ကဲ့သို့ဖြစ်ပါသည် ... ယနေ့အဖြစ်အပျက်ပါဘဲ။

67 ၆၇။ သင်တို့တရားဟောဆရာအချို့သင်တို့အချို့က သင်၏သင်းအုပ်ဆရာကိုပဲပေးရပါမည်။ သင်တို့လုပ်ကြပါ။ တခါတရံသင်ကအလွန်ကြီးမြတ်၍ ကောင်းမွန်ချောမောပြီးဆံပင်ကောက်ကောက်နှင့်ဝတ်စားဆင်ယင်ထားသော ဟောလိဝုဒ် ပုံစံ တရားဟောဆရာကိုမဲပေးပါမည်။အကြောင်းမှာ သင်က သူ့ကိုတရားဟောစင်ပေါ်မှာ အလွန်ပင်ကြည့်ကောင်းနေစေရန် ဖြစ်ပါသည်။ ဘုရားသူ့ကိုခေါ်သည့်လက္ခဏာမဟုတ်ပါ။ အဲဒါမဟုတ်ပါ။

ကျွန်တော်တွေ့ဖူးပါသည်။ ဘုရားကထိုသို့မခေါ်ပါ။ သို့သော် ယနေ့လောကကြီးမှာ အလှအပ်အတွက်သာဖြစ် နေပါသည်။ ယနေ့အရာမှာကျွန်တော်တို့ဟောလိဝုဒ်ဘာသာရေး၊ ဟောလိဝုဒ်နိုးထမှုများမှာဖြစ်နေပါသည်။ ပလက်ဖောင်းပေါ်မှာတင်နေ၍

ကျောက်မြတ်ရတနာများနေရာတိုင်းမှာ ပျံ့တက်နေပါသည် ... အိုဖြစ်ရလေ။ အလွန်ကြောက်မက်ဖွယ် ကောင်းပါသည်။ကျွန်တော်ရွေးကျ၍ ဘုရားစေလွှတ်သော ဘာသာရေးကိုယုံကြည်ပါသည်။ ဘာသာရေးက သင့်ကိုသန့်ရှင်းစေပြီး ပြောင်းလဲစေပါသည်။ လူသစ်တဦးဖြစ်စေပါမည်။ သင်နေသင့်သောသူကဲ့သို့သင့်ကိုပြုလုပ်ပါမည်။ အာမင်။ အပေါ်ယံအလှအပ်များလုပ်ပါသည်။

68 ၆၈။ သင့်မှာတယ်လီဗီးရှင်းပြလွတ်များစွာနှင့်မြောက်များစွာ ... ကလေး...ဒီမှာ သူတို့အနည်းငယ်ဟောင်းသောအရာ ဒီမှာရှိပါတယ်။ သိပ်မကြာသေးမီကပါ ... (နတ်ဆိုးမည်သို့လုပ်နိုင်ကြောင်းသင့်ကိုပြပါသည်)ဒီနိုင်ငံမှာ ကလေးမရှိပါ။ သို့ သော် DavidCrock ett ဘယ်သူလဲဆိုတာ ပြောနိုင်ပါတယ်။ ဘယ်သူတင်နက်ဆီမှာမွေးကြောင်းသင့်ကိုပြောနိုင်ပါသည်။ အဲဒါညာပြောတာပါဘဲ။ သို့သော် ၄င်း ... သို့သော်အားလုံးမှာသင့်ကိုအကြောင်းအားလုံးပြောပြနိုင်ပါသည်။

သို့သော် နတ်ဆိုးက တယ်လီဗီးရှင်းနှင့်အရာခပ်သိမ်းအားဖြင့် ကလေးငယ်၏ခေါင်းထဲသို့အားလုံး သွင်းနိုင်ပါသည်။ အမေရိကန်နိုင်ငံမှာဖြစ်ပါတယ်။ ယေရှုခရစ်တော်အားဖြင့် အသင်းတော်ကဘာလုပ်သင့်ပါသလဲ။ဆယ်ကျော်သက် အရွယ် မူခင်းများကို တားဆီးရပါမည်။ ဟာလေလုယာ။ မစိုးရိမ်ပါနဲ့ ... ဟာလေလုယ၏ အဓိပ္ပါယ်မှာ 'ငါတို့ဘုရားကိုချီးမြောက်ပါ' အာမင်။ ထိုအဓိပ္ပါယ်မှာ 'ထိုသို့ဖြစ်စေပါ။ ထိုသို့သောခြင်းဖြင့် တခဏအတွင်းမှာသင့်ကိုမထိခိုက်စေလိုပါ'

69 ၆၉။ ကျွန်တော်မှာခွေးကြီးတကောင်ရှိခဲ့ပါတယ်။ ညဖက် ကျွန်တော်အမဲလိုက်ပါတယ်။ သူကကွင်းထဲမှာတွေ့သမျှ အရာကိုလိုက်ပါသည်။ မတ်ပြီးဟောင်နေပါသည်။ ချုံပုတ်ကိုဖယ်လိုက်ပြီး ကျောခင်းခြင်းကိုသာကျွန်တော်လုပ်နိုင်ပါသည် 'သူ့ကိုကိုက်ပါ' သူဝင်သွားပြီးဖြုကောင်ကိုဖမ်းပါသည် 'သူ့ကိုကိုက်ပါ...'

အဆိုးဆုံးဖြုကောင်မှာ နတ်ဆိုးဖြစ်ပါသည်။သင်ပြောနိုင်သောတခုတည်းသောအရာမှာ 'သူ့ကိုကိုက်ပါ' တခဏ တွင်းမှာ 'အာမင်' ဖြစ်ပါသည်။ ကျွန်တော်ဘယ်မှာရပ်နေလဲဆိုတာကို ကျွန်တော်သိပါတယ်။ငါတို့သူ့နောက်လိုက်မည်။ အာမင်။

70 ၇၀။ အိုသူကတကယ်ပါဘဲ။ ခမည်းတော်က မိဿဟာယထဲသို့မွေးစားလိုက်ပါသည်။သန့်ရှင်းသောဝိညာဉ်တော်အား ဖြင့် ယုံကြည်သူများအစုအဝေးထဲသို့ဝင်၍သာသနာအတွက်ဖော်ပြခြင်းခံရပါသည်။ သက်သေပြနေပါသည် ...ထိုအ ကြောင်းကို သင်များစွာပြောရန်မလိုပါ။ ဘုရားက မိမိဖာသာပြောဆိုပါသည်။သူ၏ဆုကျေးဇူးများကို သူသက်သေပြသည်။ သို့သော် ထိုဆုကျေးဇူးများမှာနှစ်သက်ဖွယ်ကောင်းပါသည်။ ကျွန်တော်တို့နှစ်သက်ကြပါသည်။ ကျွန်တော်တို့တဦးစီ ဆုကျေးဇူးရသင့်ပါသည်။ သို့သော် ဆုကျေးဇူးများထက်ပေးအပ်သူကို လိုလားပါသည်။ပေါလုပြောပါသည် 'သင် ... ပေးသူ မရှိဘဲ ဆုကျေးဇူးများကိုသာကျွန်တော်ရနိုင်ပါက'

ဆုကျေးဇူးများအစား ပေးအပ်သူကိုသာရပါကအသင်းတော်မှာ လမ်းမှထောင်တက်သွားပါမည်။ သင်မတွေးမိဘူး လား။ ကျွန်တော်တို့ဘုရားနှင့်နီးနီးနေပါက ကိုယ်တော်ကိုချစ်ပါက သူ့အတွက်သာဆက်၍ အသက်ရှင်ပါ။ အရာရာကိုတွန်း ဖို့မကြိုးစားပါနှင့်။ ဘုရားအတွက်သာအသက်ရှင်ပါ။သန့်ရှင်းမြင့်မြတ်သောအသက်တာနှင့်အသက်ရှင်ပါ။ နေ့စဉ်အသက်ရှင် ပါ။နေ့စဉ်ဆုတောင်းပါ။ ကိုယ်တော်ရှင်ရှေ့တော်မှာ မိမိကိုယ်ကိုလန်းဆန်းစေပါ။ကျန်အရာအားလုံးကိုဘုရားရှင်က တာဝန် ယူပါမည်။

71 ၇၁။ သူ၏ခန္ဓာကိုယ်ထဲသို့လူတွေကို သူကမွေးစားပါမည်။ အသင်းတော်ထဲသို့မွေးစားပါမည်။ ချည်အောင်ခြင်းလာသော အခါသင်က အပြစ်ကင်းစင်၍နေသည်။ အကြောင်းမှာ ဘုရင့်ရှေ့တော်မှောက်မှာသင်အသက်ရှင်နေသောကြောင့်ဖြစ်ပါ သည်။ လျှို့ဝှက်ချက်ပါဘဲ မိတ်ဆွေ။

နတ်ဆိုးတို့၏တန်ခိုးနှင့်သင်ကမျက်နှာချင်းဆိုင်တွေ့ဆုံရသောချိန်ရှိပါသည်။ ဆန့်ကျင်ဖက်များနှင့် သင်ကမျက်နှာချင်းဆိုင်တွေ့ရသောအခါ စစ်ဆေးရမည့်အချိန်ရောက်လာပါသည်။ ကြိုးမှာအားအနည်းဆုံးအချိန်မှာ အခိုင်မာဆုံးဖြစ်ပါ သည်။ မှန်ပါသည်။ သင်ကဆန့်ကျင်ဖက်နှင့်မျက်နှာချင်းဆိုင်ရသောအခါ သင်ပြောနေသောကြောင်းအရာဘာလဲဆိုတာသင်သိပါ။

72 ၇၂။ အမေရိကန်မှာသင်က ဘာနဲ့မဆိုတွေ့ရပါသည်။ သိပ်မကြာမီက ကျွန်တော်ဝတ်ပြုစည်းဝေးတခုသွားပြီး အနာရောဂါငြိမ်းခြင်းကို လက်တွေ့လုပ်ကြပါသည်။ ထိုသူကအပေါ်အောက်ခုန်နေပါသည်။ အသံကုန်အော်၍တရားဟောပလ္လင်ကို အပြင်းထန်ဆုံးကန်ပြီးပြောနေပါသည် 'ဘုရားသခင် ကိုယ်တော်ကိုတောင်းဆိုပါတယ်'

အို ဂရုဏာတော် ကျွန်တော်စဉ်းစားမိပါသည်။ဘုရားသခင် ကျွန်တော်ညီအစ်ကိုအပေါ် ဂရုဏာရှိတော်မူပါ။ သူ ကနားမလည်ပါ။ ငါတို့ကဘာဖြစ်လို့ ဘုရားကိုတခုခုလုပ်ဖို့ တောင်းဆိုရတာလဲ။ ဘာမို့လို့လဲ။ ကိုယ်တော်ကိုသာယုံကြည် ပါ။ အဲဒါပါဘဲ။

လူအိုကြီးက ခြံထည်အောက်မှာတုန်နေပါသည်။ နလုံးရောဂါသည်ကဲ့သို့ဖြစ်သည်။ ကျွန်တော် သူ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။ နောက်လူတဦးအကိုက်အခဲရောဂါနှင့်ရောက်လာပါသည်။ သူကထိုသူကိုကိုင်လှုပ်သည်။ ရိုက်ပါ သည်။ သူ့လက်နှင့်အပြင်းထန်ဆုံးရိုက်ပြီးပြောသည် 'ငါအကိုက်အခဲရောဂါကိုမုန်းတယ်' နတ်ဆိုးများကိုထိုနည်းနှင့်မောင်းမထုတ်နိုင်ပါ။

သင်မည်မျှပင်အော်ဟစ်ပါစေ နတ်ဆိုးကဂရုမစိုက်ပါ။ သူမကြားတာလဲမဟုတ်ပါ။ သို့သော် ယုံကြည်ခြင်းဘယ်မှာ လဲဆိုတာ သူသိပါတယ်။သူ့အားထိုအရာက လှုပ်ရှားစေပါမည်။

73 ၇၃။ ယေရှုကဒီကမ္ဘာလောကကြီးမှာရှိသော မည်သူ့အတွက်မဆို အကြီးမားဆုံးဘိသိက်ပေးထားပါသည်။မှန်ပါသလား။ တနေ့သောအခါမှာ သူကဗိမာန်တော်ထဲသွားပါသည်။ ကိုယ်တော်ကသူ့ကိုကျမ်းစာလိပ်ပေးပါသည်။ သူ့လက်ထဲမှာ သူ ကောက်ယူပြီး သူထိုင်ချ၍ ဟေရှာယထဲမှသူကဖတ်လိုက်ပါသည် 'ကိုယ်တော်၏ဝိညာဉ်တော်က ကျွန်ုပ်အပေါ်သက် ရောက်ပါသည်။လက်ခံရမည့်နှစ်ကို ဟောပြောရန်ဖြစ်ပါသည်' စသည်တို့ဖြစ်သည် ... ယုဘိလနှစ်ဖြစ်ပါသည်။ သူကစာ လိပ်ကိုယူ၍ ပြန်ပေးပြီးထိုင်ချလိုက်သည်။

သူနှုတ်ခမ်းမှတန်ဖိုးရှိသော စကားလုံးများထွက်လာပါသည်။ကမ္ဘာပေါ်မှာ အ
ကြီးမားဆုံးဘိသိက်စကားလုံးများဖြစ်၍သခင်ယေရှုခရစ်အပေါ်သက်ရောက်ပါသည်။

အို တခါတရံမှာကျွန်တော်တို့မက်သဒစ်များက ဘိသိက်ပေးခြင်းအသံများနှင့်ရှုတ်ယှက်ခတ်နေပါသည်။အသံများ မှာ
ဘိသိက်ပေးခြင်းမဟုတ်ပါ။ မဟုတ်ပါ။ မဟုတ်ပါ။ကျွန်တော်အသံများစွာကိုတွေ့ခဲ့ဖူးပါသည်။ သွားတိုက်တာကို
ကုသရန်ယုံကြည်ခြင်းမလုံလောက်ပါ။ ခမည်းတော်ထံသို့နိမ့်ချခြင်းဖြင့်လာရမည်။သင်ဘယ်နေရာမှ ရပ်နေကြောင်း အတိအကျ သိရမည်။
မှန်ပါသည်။

74 ၇၄။ ရှေးလွန်လေပြီးသောကာလကတောင်အာဖရိကမှာ ကျွန်တော်ရပ်၍ စိန်ခေါ်သည့်နေရာမှာ ...ထိုနိုင်ငံများသို့ သင်ဝင်သောအခါ
သင်ဘာလုပ်သလဲဆိုတာ သတိပြုရပါမယ်။နတ်ဆရာများနှင့်အရာများက ထိုနေရာမှာရပ်၍ စိန်ခေါ် တတ်ပါသည်။
သခင်ယေရှုကိုတိုက်ခိုက်ကြပါသည်။ သူတို့ရှေ့မှာ သင်လျှောက်သောအခါ သင်ဘာပြောသလဲဆိုတာ သင်သိဖို့ကောင်းပါသည်။ မှန်ပါသည်။
အကြောင်းမှာ ညီအစ်ကို သူတို့ကလုပ်နိုင်သလောက်အားလုံးကိုလုပ်ပါသည်။ မှန်ပါ သည်။

မီးထဲမှာလမ်းလျှောက်သည်။ခလောက်မွေအရိုးများနှင့်အရာရာ မိမိကိုယ်ကို ရိုက်နက်ထိခိုက်စေခြင်းနှင့် ဓါးရှည်ယူပြီးတုတ်ယူပြီး
ထိုးခြင်း ဓါးများအကြားမှာရေကိုသင်မှုတ်နိုင်ပါသည်။ဆွဲထုတ်လိုက်ပြီး သွေးတစက်မှမထွက်ပါ။ သူတို့ အပြင်းထန်ဆုံးပြုလုပ်ကြသည်။
အသံကုန်အော်ဟစ်ကြသည်။ လှံကိုယူပြီး နှာခေါင်းကိုထိုးပြီး ပြန်ထုတ်သည်။ သွေးတစက်မှမထွက်ပါ။ ဒီလိုပတ်လျှောက်ပြီး
မီးပေါ်မှာဖြတ်လျှောက်သွားသည်။ ဖန်များခွဲသည်။ဆူးပေါ်မှာအိပ်သည်။ အမျိုးစုံလုပ်ကြ ပါသည်။ သူတော်ကောင်းယောင်ဆောင်ခြင်းလား။
ဟုတ်ပါတယ်။ နတ်ဆိုးရဲ့တန်ခိုးပါ။ မှန်ပါသည်။

သို့သော် ညီအစ်ကိုအဲဒါသခင်ယေရှုနှင့်ဘာမှမဆိုင်ပါ။ သို့သော် သူတို့ကိုကြည့်ပြီး အချိန်ကျလာမည်ကိုသတိပြုပါ။ တကယ်ပြရတဲ့အချိန်
သခင်ယေရှုက အရှေ့ဖက်သို့ထွက်လာရသည့်အချိန်ကိုကြည့်ပါ။နတ်ဆိုးတိုင်း နောက်ဆုတ်သွားပါ သည်။ ကျဆုံးတာကိုမတွေ့ရပါ။ သင်လည်း
ဘယ်တော့မှမတွေ့ရပါ။ မှန်ပါသည်။

75 ၇၅။ ဘုရားနှင့်နီးကပ်စွာလျှောက်လှမ်းပါ။ ငါ့ညီအစ်ကိုတို့။ မြင့်မြတ်သန့်ရှင်းရာဌာနသို့လာပါ။ ဝင်လာပြီးဘုရားရှေ့မှာ အသက်ရှင်ပါ။
သန့်ရှင်းသောဝိညာဉ်တော်က တရက်ပြီးတရက်သတင်းစကားယူဆောင်ခဲ့ပြီး သူ၏နိုင်ငံတော်မှာ သင်မည် သို့တိုးတက်လာပြီး
သူ့သားသမီးများကိုသင်မည်သို့ဆက်ဆံသည်ကိုကြည့်ပါ။ သင်တို့အားလုံး ဘာလုပ်နေသည်ကို ခမည်းတော်အားပြောပြပါ။ 'ယခုပင် ငါက
သူ့အထဲမှာ ကျေးဇူးတော်ကို တွေ့ရပါပြီ။လူတွေရှေ့မှာ ငါကသူ့ကိုခေါ်ပါမည်'

သူကလူတွေကိုမပြောတော့ပါ။သူလုပ်နေတာကိုကြည့်ပြီး လူတွေက သိလာကြပါသည်။ သူ့အသက်ရှင်ပုံကို ကြည့် ၍သိလာကြပါသည်။
ဘုရားကလုပ်ပါသည်။ သင့်သက်သေခံချက်က တခါတရံကောင်းပါသည်။ သို့သော် သင့်အသက်တာ ကအလွန်အသံမြည်ပါသည်။ သင်သိလား။
သင့်သက်သေခံချက်က သိပ်မကောင်းတော့ပါ။ မှန်ပါသည်။သင့်အသက်တာ ကအရေးပါသည်။ သင်ယုံကြည်ပါသလား။

76 ၇၆။ ယနေ့ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ဂိုဏ်းဂဏဖွဲ့နေပါသည်။ကျွန်တော်တို့မ ကောင်းပါ။
ကျွန်တော်တို့မိတ်ဆွေတို့လည်း ကျွန်တော်တို့ဆက်ဆံတာမကောင်းပါ။တခါတရံ သင်က ကခုန်ပါသည် 'အေး စက်၍
ရှေးကျသောပုံမှန်နှစ်ခြင်း' နှင့် 'ဒီပင်တေကုတ္တေဘယ်သူကဒီအောက်က ဗိမာန်တော်နဲ့ဆိုင်တယ် - လေးဒေါင့် Foursquare ဖြစ်တယ်။
သူတို့ဘာမှမရပါ။ ဒီမှာရှိတဲ့အရာက Assembly of God ဖြစ်ပြီးသူဘာမှမရှိပါ။ ယေရှုနာမသာ ဖြစ်သည်။ အခြားဘာမှမရှိပါ။' တဦးက
ဒါကိုလုပ်ချင်တယ်။နောက်တဦးက ဟိုဟာကိုလုပ်ချင်တယ်။ ရှုတ်ထွေးကုန်ပါပြီ။ ညီအစ်ကို သူတို့အားလုံးသန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံကို
ရကြပါတယ်။ (သို့) အနည်းဆုံးသူတို့တောင်းကြပါတယ်။ သက်သေပြရန်လည်း အထောက်အထားတခုသာရှိပါတယ်။ မှန်ပါတယ်။

ယနေ့ ကျွန်တော်တို့ လိုအပ်သည်မှာဆက်ကပ်သောအသက်တာဖြစ်ပါတယ်။ သင်ဘာမှမပြောနိုင်ပါ။ ဘုရားက သင့်နေရာမှာ
စကားပြော၍သင်ဘာလဲဆိုတာ သူက သက်သေပြပါသည်။ မှန်ပါသည်။ ယေရှုခရစ်၏အသွေးတော်ကကျွန်ုပ်တို့အားလုံးကိုမဖြောင့်မတ်ခြင်းမှ
ဆေးကြောပါသည်။ ကျွန်တော်တို့တဦးနှင့်တဦးမိဿဟာယဖွဲ့ခွင့်ရပါသည်။ အသွေး တော်က ကျွန်ုပ်တို့ကိုသန့်ရှင်းမြင့်မြတ်စေပါသည်။

ကျွန်တော်တို့ အသက်ရှင်သည်မှာမည်သည့်ဂိုဏ်းဂဏကိုမဆို တက်ရောက်နိုင်ရဖြစ်ပါသည် 'မင်္ဂလာနံနက်ခင်း ပါကျွန်တော်ညီအစ်ကို'
သူတော်ကောင်းယောင်ဆောင်သူမဟုတ်ပါ။ သူသိပါတယ်။ သို့သော်စစ်မှန်သောနှလုံးသားနှင့် ပြော ပါသည်။ 'ဒီနေ့ မင်းနဲ့ဘုရား
ဘယ်ကိုသွားသလဲ။ငါ့ရဲ့ညီအစ်ကို' ထိုသို့သူနှင့်တူ လျှောက်လှမ်း၍ မိဿဟာယဖွဲ့ရပါမည်။ထိုနည်းအတိုင်းဖြစ်ပါသည်။ သင်က
သားကဲ့သို့ဖြစ်သော အခါမှာဖြစ်ပါသည်။

သင်မလုပ်နိုင်ပါ။ တုပခြင်းကိုမလုပ်နိုင်ပါ။ သင်လုပ်ပါက သင်သူတော်ကောင်းယောင်ဆောင်သူဖြစ်ပါမည်။ အဲဒါ ပါဘဲ။
တာဝန်အရလုပ်ရခြင်းဖြစ်၍ လုပ်ရသည်ဟုသင်ကသိထားပါက လုံးဝမလုပ်ပါနှင့်။ ဘုရားရှေ့မှာသင့်နှလုံးသားက လုပ်လိုသည်အထိနေပါ။
သို့မှသာသင်ဘုရားနှင့်မှန်ပါမည်။ သင်ယုံပါသလား။

77 ၇၇။ ကျွန်တော့်စိတ်နှလုံးစကြွင်းယုံကြည်ပါတယ်။ အသင်းတော်ကျဆုံးရသည်မှာလည်း
ထိုနေရာမှာဖြစ်ကြောင်းကျွန်တော်ထင်မြင်မိပါသည်။ ကျွန်တော်တို့အလယ်မှာ မေတ္တာနှင့်မိဿဟာယဖွဲ့ရန်ပျက်ကွက်သည်ဟု ကျွန်တော်ထင်ပါ
သည်။ ဘုရားသခင်က ဘိသိက်ပေးခြင်းမဟုတ်သော တစုံတရာကိုကျွန်တော်တို့က မိမိတို့ကိုယ်ကို ထိုးထည့်ရန် ကြိုးစား နေပါသည်။
ကျွန်တော်တို့ ဘုရားထံသို့ပြန်လည်၍လျှောက်လှမ်းပါက 'ဘုရားသခင် ဒီရှေ့မှာ ကျွန်တော်ရပ်နေပါသည်။
ကျွန်တော်ဘာမှလွဲ၍ကိုယ်တော်ကိုပေးဆက်ရန်ဘာမှမရှိပါ။ သို့သော် ဘုရားသခင် ကျွန်တော်ဆုတောင်းပါတယ်။ကိုယ်တော် ကျွန်တော်ကို

ဆက်၍ အသက်ရှင်ခွင့်ပေးပါ။ သို့မှသာ ကိုယ်တော့်ရှေ့တော်မှာကျေးဇူးတော်တွေ့ခွင့်ပြုပါ' ယခုကျွန်တော်လာ၍ နိုင်ငံတော်နှင့်နီးကပ်နေပါပြီ။ မှန်ပါသည်။ သင်တကယ်စစ်မှန်သော အနာရောဂါငြိမ်းခြင်း စည်းဝေး ကိုတွေ့မြင်ရပါမည်။

သင်ပလ္လင်ပေါ်သို့ တက်လာသောအခါ 'ဘုရားဘုန်းထင်ရှားပါစေ။ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်က ကျွန်တော်သန့်ရှင်းသောဝိညာဉ်တော်ရရှိပါသည်။ ဘုရားဘုန်းထင်ရှားပါစေ။ ဟာလေလုယာ။ဘာမှကောင်းကျိုးမပြုပါ။ ဟွန်းစာတန် က စစ်မှန်သောစိတ်ချမှုနှင့်လျှောက်လှမ်းရပါမည်။ သင်ဘယ်မှာရပ်တည်ကြောင်း သင်သိရပါမည်'

78 ၇၈။ သိပ်မကြာမီကအမျိုးသမီးကလေးတဦး စင်ပေါ်မှဆင်းလာသောအခါ ကျွန်တော်အံ့ဩမိပါသည်။ သူတို့နှစ်ဦး အတူတကွ လာသောအခါ ကျွန်တော်အံ့ဩမိပါသည်။ သူတို့နှစ်ဦးအတူတကွရှိနေပါသည်။တဦးကရောက်လာပြီး ကျွန်တော်က ပြောပါသည် 'နေကောင်းလားညီမ'

ကျွန်တော်ဝိညာဉ်ရေးရာဖော်ပြချက်များအားလုံးကို ယုံကြည်ပါသည်။ ဟုတ်ပါတယ်။ ဆရာ။သန့်ရှင်းသောဝိညာဉ် တော်ဗတ္တိဇံကို ကျွန်တော်လက်ခံရရှိပါသည်။ ကျွန်တော်ပြောတဲ့အကြောင်းကိုကျွန်တော်သိပါသည်။

သူတို့လမ်းကြောင်းအတိုင်းဆင်းလာကြပါသည်။ အမျိုးသမီးငယ်ကလေးက တန်းစီရန်တက်လာပြီး သူမက လျင် မြန်စွာပင်ကခုန်နေပါသည်။ ကျွန်တော်ကပြောပါသည် 'ခဏလေးတော့ ငြိမ်ငြိမ်ရပ်ပေးပါ။ဒါမှခင်ဗျားကို ကျွန်တော်စကား ပြောနိုင်မှာဖြစ်ပါတယ်' သူမမလုပ်နိုင်ပါ။သူမဆက်၍ ကနေပါသည်။

ကျွန်တော်တွေးမိပါသည်။နောက်တယောက်ကြိုးစားကြည့်မည်။ နောက်တယောက် ဆင်းလာသောအခါ သူမလက်ကိုဖမ်းကိုင်ထားရန်ကြိုးစားပါသည်။ ကျွန်တော်ပြောပါသည် 'ကျွန်တော်စကားအနည်းငယ်ပြောချင်ပါတယ်။ ညီမ' သူမက စတင်၍ ကခုန်နေပါတော့သည်။

ကျွန်တော်ပြောလိုက်သည် 'အိုငါသိပ်သဘောကျတာဘဲ အရမ်းလှတယ်' မီရိယန်က ဝိညာဉ်တော်၌ကခုန်သည်ကိုကျွန်တော်သိပါသည်။ ကျွန်တော်ယုံကြည်ပါသည်။ ဟုတ်ပါတယ် ဆရာ။ သို့သော်သူအချိန်နှင့်အခါနှင့် ဖြစ်ရပါမည်။ သ ဘောပေါက်သလား။ ဒီအပေါ်တက်လာတဲ့အခါမှာနှိမ့်ချစွာနှင့်တက်လာရပမည်။ ဘုရားရှေ့တော်မှာ ရိုကျိုးရပါမည်။ လုံးဝ စိတ်ချသောနှလုံးသားနှင့်လာပါ။ ဘုရားက သူ့ကတိကိုသူတည်ပါမည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်မိမိကိုယ်ကို နူးညံ့စေပါ။

အမျိုးသမီးငယ်ကလေးမှာ … ဘာဖြစ်မှန်း ကျွန်တော်မသိတော့ပါ။ တဦးမှာကင်ဆာရောဂါဖြစ်ကြောင်း သေချာ ပါသည်။ သူမဒီည သေကောင်းသေလိမ့်မည်။ သူမငြိမ်၍မလုပ်နိုင်တော့ပါ။ သူမဘယ်နေရာကိုမှမရောက်နိုင်တော့ပါ။ အ ကြောင်းမှာသူမကိုမှားယွင်းစွာ သွန်သင်ပေးခဲ့သောကြောင့်ဖြစ်ပါသည်။ နှစ်သက်ဖွယ် ပုဂ္ဂိုလ်ပါ။မမှားပါ။

79 ၇၉။ အမျိုးသမီးငယ်တစ်ဦးရပ်နေပါသည်… ပင်တေကုတ္တေအမျိုးသမီးဖြစ်ပါတယ်။ကျွန်တော့်နောက်မှာ အမျိုးသမီး ငယ်တဦးရပ်နေပါသည်။ ပုံမှန်ဂိုဏ်းဂဏမှအမျိုးသမီးဖြစ်ပါသည်။ အနောက်ဖက်မှာ မိန်းကလေးတဦးနှင့်ရပ်နေပါသည်။ သူမကလုံးဝမလှုပ်ရှားပါ။ သူမမှာ ဆုတောင်းကတ်ပြားရှိပါသည်။ သူမကရပ်၍စောင့်နေပါသည်။မကြာမီမှာ သူတို့က သူမ ကိုလာရန် အချိန်ပေးပါသည်။

အမျိုးသမီးငယ်က လျှောက်ထွက်သွားပါသည်။မိန်းကလေးကအပေါ်တက်လာပြီး ကျွန်တော်လက်ကိုကိုင်လိုက် ၍ သူမကပြောသည် 'အမေဒီမှာကြည့်ပါ' ခြေထောက်ကိုမြောက်လိုက်ပြီး မိခင်ဖြစ်သူကငိုကျွေးနေပါသည်။ 'ဘုရားသာ ဗရမ်ဟမ် ဖြစ်လာမယ်လို့ကျမသိပါတယ်။ ဖြစ်လာမည်လို့ သိကိုသိထားပါတယ်။ကျမစိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါတယ်'

'ကလေးဘာဖြစ်တာလဲ'

'ခြေထောက်နှစ်ဖက်လုံးသေနေပါတယ်'

အဲဒါပါဘဲသူမနည်းလမ်းမှန်ကန်စွာရောက်လာပါတယ်။ ဘုရားကိုကြောက်ရွံ့ရိုသေစွာရောက်လာပါတယ်။ဘုရား ကိုယုံကြည်ပြီး လေးစားစွာဖြင့်လျှောက်လှမ်းလာပါသည်။ ကိုယ်တော်ရဲ့ကတိတော်ကိုယုံကြည်ပါတယ်။

တကယ်ဘဲ သူတော်စင်အမျိုးသမီးလွဲမှားစွာသွန်သင်ခံရခြင်းကြောင့် ပလက်ဖေါင်းပေါ်တက်လာပြီး သူ့အတွက်ကျွန်တော်ဆုပင်မတောင်းပေးနိုင်ပါ။ သူမဝိညာဉ်တော်ထဲမှာ ရောက်နေသည်ဟု ထင်ပါသည်။သူမကဇာတိထဲမှာပါ။ သို့ သော် သူမထိုနေရာမှာရှိပါသည်။ သူမနေသင့်ပါသည် … ဝိညာဉ်တော်ထဲမှာဆိုတာကိုပြသ၍ အသီးကသက်သေပြပါသည်။ ဘုရားထံဝင်ထားသောခါ နှိမ့်ချစွာ စိတ်ကောင်းစွာ ယုံကြည်လျက် ဆုတောင်း ပြီးလာပါ။ ဘုရားကသင့်ကိုရောရာပေး ပျောက်သောအခါ လက်ကိုထောင်၍ ချီးမွမ်းပါ။ မှန်ပါသည်။

ထိုမိန်းမငယ်က ဆင်းလာပြီး ကလေးကိုဖက်၍ဖခင်မှာလည်း ပရိသတ်ထဲမှပြေးထွက်လာ၍ပြောသည် 'ဘုရားသာ ကျွန်တော်နှစ်ပေါင်းများစွာအပြစ်သားဖြစ်ခဲ့ပါတယ်။ ကျွန်တော့်ဇနီးကတော့ ခရစ်ယာန်ပါ။ အခုဘဲ ကျွန်တော် ခရစ်တော်ကိုတွေ့နိုင်မှာလား'

'ဟုတ်ကဲ့ကျွန်တော်ညီ အဲဒီမှာဘဲ ဒူးထောက်လိုက်ပါ' မှန်ပါသည်။

80 ၈၀။ ထိုနည်းအတိုင်းစည်းဝေးပွဲကို ကျွန်တော်တို့ဖြစ်စေချင်ပါတယ်။ မမှန်ဘူးလား။ စိတ်မှန်၍ ပြည့်စုံပြီးအဓိပ္ပါယ်ရှိ ရပါ မည်။

ထိုအသင်းတော်မျိုး ကျွန်တော်တို့လိုချင်ပါတယ်။ထိုအသင်းတော်အတွက် သင်ကအရှက်မရတော့ပါ။ သင်မှန်ကန် စွာလျှောက်လှမ်း၍ သမ္မတကထိုင်နေလျှင် သင်ပျော်ရွှင်စွာ သိရမည်မှာ အမေရိကန်သမ္မတကြီး ဘုရားရှေ့မှာ သင်၏ဘုရားကျောင်း၌ ထိုင်နေသည်ဟူ၍ပင်ဖြစ်ပါသည်။ သင်ထိုသို့မလုပ်ဘူးလား။ ထိုနည်းအတိုင်းကျွန်တောတို့လုပ်လိုပါသည်။ တဦးကိုတဦး ထိခိုက်နာကျင်အောင်မပြောဆိုဘဲ တဦးကိုတဦးချစ်လျက် ခရစ်တော်က ဘုရားအတွက် ကျွန်တော်တို့ကို ချစ်သကဲ့သို့ဖြစ်ရပါမည်။

ခဏဆုတောင်းကြပါစို့။ ဆုမတောင်မှီကျွန်တော်တညကျန်ပါသေးတယ်။ မနက်ဖြန်ည ကျွန်တော်စကားပြောချင် ပါသေးတယ်။ ကျွန်တော်စိတ်နှလုံးထဲမှာရှိတဲ့ စစ်မှန်သောထိရောက်တဲ့အရာအကြောင်းဖြစ်ပါတယ်။ယေရှုကိုမကောင်း လုပ်ခြင်းနှင့်ထိုအကြောင်းကြောင့်ရရှိသောရလဒ်အကြောင်းပြောချင်ပါတယ်။ ဖြစ်နိုင်လျှင်လာခဲ့ကြပါ။ တစုံတဦးကိုကို ထဲခေါ်လာခဲ့ပါ။

81 ၈၁။ ယခုသင်ဒီနေရာမှာ ခေါင်းငုံ့နေစဉ် ခရစ်ယာန်များအားလုံးဆုတောင်းနေသည်ဟုကျွန်တော်ယုံကြည်ပါသည်။ သင့် အတွက် စကားလုံးကိုရည်ညွှန်းလိုပါသည်။ သင်တို့တကယ်ဘဲစိတ်နှလုံးထဲမှာ အသင်းတော်လုပ်တမ်းကစားနေပါသလား။ သင်သိပါသည်။ အုပ်စုနှင့်အတူသွားနေခြင်းဖြစ်ပါသလား။

မောရှေနှင့် အတူရောနှော၍လူတွေပါသွားကြပါသည်။ စခန်းထဲမှာ ပြဿနာရှာပါသည်။ လူအုပ်ရောထွေးနေသူ များဖြစ်ပါသည် ... လုပ်ရိုးလုပ်စဉ်များလုပ်ကြပါသည်။အံ့ဖွယ်နိမိတ်လက္ခဏာများပြုကြပါသည်။ လူတိုင်း ထိုအတွက်ပြေး ကြပါသည်။ သင်ကဘုရားကျောင်းထဲသွားပြီး တစုံတဦးက ကြီးမားသောတန်ခိုးနှင့်လွှမ်းမိုးမှုကိုတွေ့ရသောကြောင့်ဖြစ် သည်။ သင်ကစဉ်းစားပါသည်။ သင်ဘုရားကျောင်းထဲသွားပြီးထိုအကြောင်းအတွက်ပင်ဖြစ်ပါသည်။ သင်က အတားအဆီး ဖြစ်ပါသည်။ မိတ်ဆွေ။ ခရစ်တော်ထံလာ၍တကယ်ဘဲ သင့်စိတ်နှလုံးကို သူ၏ဘုန်းတော်နှင့်ကောင်းချီးနှင့်ပြည့်ဝစေ ပါ။

82 ၈၂။ ဒီညဒီမှာအပြစ်သားတဦးရှိပါသလား။ ဝန်ချတောင်းပန်ခြင်းမရှိ သခင်ယေရှုကိုလည်း လက်မခံရသေးပါကယခုပင် ဆုတောင်းခြင်းနှင့်သတိရစေလိုပါသလား။ လက်ထောင်ပြပါလား။ ထိုအရာအားဖြင့် ... ဘုရားကောင်းချီးပေးပါစေ။ အဖ။ ဘုရားကောင်းချီးပေးပါစေ။ အဖ။ကျန်သေးသလား။ ဘုရားကောင်းချီးပေးပါစေ။ ဘုရားကောင်းချီးပေးပါစေ။ ဆရာ။ ကောင်း ပါတယ်။

နောက်ထပ် အပြစ်သားကလက်ထောင်ပြပါမည်။ ‘ကျွန်တော်ကိုသတိရပါ။ ဘရာသာဗရမ်ဟမ်။ ကျွန်တော်တကယ် ယုံကြည်ပါတယ်။ သင်ကသမ္မာတရားကိုပြောပြပါတယ်။ ကျွန်တော်ထဲအမြဲသိပါတယ်။ တနေရာမှာတစုံတခုမှားယွင်းပါ တယ်။ မိမိတို့ကိုယ်ကို ခရစ်ယာန်များဟု ကြွေးကြော်သူများကိုကျွန်တော်တွေ့ရပါတယ်။ အပြုအမူများစွာကိုလည်း ကျွန်တော်တွေ့ရပါတယ်။ ဘုရားကောင်းချီးပေးပါစေ။ ဆရာ။ ကိုယ်တော်၏ လက်တော်ကို ကျွန်တော်တွေ့ရပါတယ်။ ဘုရားကောင်းချီးပေးပါစေသား။ လက်ထောင်တာတွေ့ရပါတယ်။ ဘုရားကောင်းချီးပေးပါစေ။ ညီမ။လက်မြောက်ထားတာတွေ့ ရပါတယ်။ ဟိုအနောက်ဖက်မှာ လက်ထောင်တာတွေ့ရပါတယ်။ ဟုတ်ပါတယ်။ညီအစ်ကို။’

‘ကျွန်တော်အသင်းတော်ကိုတွေ့ရပြီး တစုံတရာရှိတာကို ကျွန်တော်သိပါတယ်။ကျွန်တော်အခုနားလည်ပါတယ်။ ဘုရားရဲ့အပြစ်မဟုတ်ပါဘူး။ ဘုရားမဟုတ်ပါဘူး။ သို့သော်ကျွန်တော်က သင်ပြောနေသော ခရစ်ယာန်မျိုး ကျွန်တော် ဖြစ်လိုပါတယ်။ ကျွန်တော်တကယ်ဘဲ စစ်မှန်ငြိမ်းချမ်း၊အေးချမ်းတဲ့ဘဝကိုလိုလားပါတယ်။ ဘရာသာဗရမ်ဟမ်။ ကျွန်တော် အပေါ်မုန်တိုင်းတိုက်ခိုက်တဲ့အခါမှာ ကျွန်တော်စိတ်နှလုံးထဲမှာ နက်နဲမှုကိုလိုလားါတယ်။ကျွန်တော့်နှလုံးသားထဲမှာ ငြိမ် သက်ခြင်းရှိသည်ကို ကျွန်တော်လိုလားပါတယ်။ကျွန်တော်အေးချမ်း၍ ငြိမ်သက်စွာလျှောက်လှမ်းနိုင်ပါတယ်။ သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ လျှောက်သွားရသည့်တိုင်ဖြစ်သည်။ ဒီညကျွန်တော်ကိုသတိရပါ။ ဘရာသာဗရမ်ဟမ် ဆုတောင်းခြင်းနဲ့သတိရပါ’ ကျွန်တော်လုပ်ပါမယ်။ ညီအစ်ကိုမောင်နှမတို့။

83 ၈၃။ ဘုရားကသင့်လက်တွေကိုတွေ့ပါတယ်။ ကျွန်တော်တွေ့ရလို့ဘာမှမကောင်းပါ။ သို့သော်ဘုရားတွေ့ပါတယ်။ လူရှစ်ယောက်(သို့)ဆယ်ယောက်လောက် အပြစ်သားအဖြစ်လက်ထောင်ပြပါတယ်။ ‘ကျွန်တော်ကို ဆုတောင်းတဲ့အခါ သတိရပါ။ ဘရာသာဗရမ်ဟမ် အပြစ်သားအဖြစ်ကျွန်တော်လာပါတယ်’ ဘုရားကောင်းချီးပေးပါစေညီမ။ ဘုရားကောင်း ချီးပေးပါစေ။ ကျွန်တော့်ညီအစ်ကို ခင်ဗျားကို ကျွန်တော်တွေ့ပါတယ်။ အနောက်ဖက်မှာတိုင်နားမှာပါ။ကျွန်တော်တွေ့ပါ တယ်။ ဘုရားကောင်းချီးပေးပါစေ ညီအစ်ကို။

တစုံတဦးကပြောပါတယ် ‘ကျွန်တော်ကိုဆုတောင်းခြင်းနဲ့သတိရပါ။ ဘရာသာဗရမ်ဟမ် ကျွန်တော် ...ဘယ်လိုဘဲ ဖြစ်ဖြစ် ဒီည ကျွန်တော် လူစိမ်းဖြစ်နေပါတယ်။ ကျွန်တော်တကယ်စစ်မှန်တဲ့ခရစ်ယာန်တဦးဖြစ်လိုပါတယ်’

ဒီအထဲမှာရှိတဲ့သူအချို့ ‘ဘရာသာဗရမ်ဟမ် ကျွန်တော် ခရစ်ယန်လို့ဝန်ခံပါတယ် ...’ ဘုရားကောင်းချီးပေးပါစေ။ ညီအစ်ကို။ သင့်လက်ကိုတွေ့ပါတယ်။ဇနီးနှင့်ကလေးကိုလည်း တွေ့ပါတယ်။ သင့်နားမှာ ဘုရားရှိပါတယ်။ ညီအစ်ကို။

ဘာကသင့်ကို လက်ထောင်စေပါသလဲ။ သင့်ကိုပြောပြစေချင်သလား။ဒီမှာဘာလဲဆိုတာကြည့်ပါ။ ယေရှုမိန့်တော် မူသည် ‘ခမည်းတော်ကဆွဲဆောင်ခြင်းမပြုလျှင်မည်သူမှ ငါ့ထံသို့မရောက်နိုင်ပါ’ အဲဒါဘုရားပါဘဲ။သန့်ရှင်းသောဝိညာဉ် တော်က သင့်ကိုစကားပြောနေပါတယ်။ ‘ငါ့ခမည်းတော်ကမလွဲဆောင်ကျဉ် မည်သူမှငါ့ထံသို့မလာနိုင်ပါ။ ငါ့ထံလာသော သူအားလုံးထာဝရအသက်ကိုငါပေးမည်။ နောက်ဆုံးနေ့ရက်မှာ ထိုသူတို့ကိုထမြောက်စေမည်’

ယေရှုဘာပြောသလဲဆိုတာနားထောင်ပါ။လက်ထောင်သူများနားထောင်ပါ ‘ကိုယ်တော်က

ထိုသူ(မည်သူကိုမဆို)သည်ငါ့စကားသံကိုကြား၍ ငါ့ကိုစေလွှတ်သောသူအား ယုံကြည်လျှင် ...’ သူဘာလုပ်သလဲ ‘ငါ့စကားကိုကြားနာ၍ ငါ့ကိုစေလွှတ်တာသူကိုယုံကြည်ပါသည်။ ထာဝရအသက်ကိုရသည်(ပစ္စုပ္ပန်ကာလ)တရားစီရင်ခြင်းကိုမခံရ။သေခြင်းမှ အသက် ရှင်ခြင်းသို့ ကူးပြောင်းရသည်။’

84 ၈၄။ သူတို့ဆုတောင်းနေစဉ်သင့်ကိုကျွန်တော်တစုံတရာမေးလိုပါသည် ‘အပြစ်ဆိုဘာလဲဘရာသာဗရမ်ဟမ်’ စီးကရက်သောက်တာလား။ အဲဒါအပြစ်မဟုတ်ပါ။ သူသားမယားပြစ်မှားခြင်းလား။ အပြစ်မဟုတ်ပါ။လိမ်ပြောခြင်း။ အပြစ်မဟုတ် ပါ။ အပြစ်၏သွင်ပြင်လက္ခဏာများသာဖြစ်ပါသည်။အပြစ်တခုထဲသာရှိပါသည်။ မယုံကြည်ခြင်းတည်းဟူသောအပြစ်ဖြစ်ပါသည်။ ရှင်ယောဟန်(၃)တွင် ‘ယုံကြည်သောသူသည် .. အပြစ်စီရင်ခြင်းကိုခံရပြီ’ ဟုဆိုသည်။

သင်က ယုံကြည်သူလား(သို့)မယုံကြည်သူလားတခုခုဖြစ်ပါမည်။ သင်ကပြောပါမည် ‘ကောင်းပါပြီ ဘရာသာဗရမ် ဟမ်ကျွန်တော်အတွက်မသောက်တော့ပါဘူး’ ဟုဆိုလိုခြင်းမဟုတ်ပါ။သင်ခရစ်ယာန်ဖြစ်ပြီလို့မပြောနိုင်ပါ။ သခင်ယေရှု ကိုယုံကြည်ခြင်း၏ရလဒ်များပါ ....သင်လုပ်နိုင်သောတခုတည်းသာအရာမှာ ယုံကြည်ရန်သာဖြစ်ပါသည်။သင့်ယုံကြည်ခြင်း ကို အတည်ပြုရန်ဘုရားက သင့်ကိုသန့်ရှင်းသောဝိညာဉ်တော်ပေးပါတယ်။

85 ၈၅။ သင်ခရစ်တော်အတွက်လက်မထောင်ပြီမှ ခရစ်တော်က ပထမဆုံး ... ဘုရားသင့်ကိုစကားပြောပါသည်။ ၄င်းနောက်ကြည့်ပါ။ စဉ်းစားကြည့်ပါ။ ယော ၅း၂၄ တွင် ယေရှုမိန့်တော်မူပါသည်။ သူ၏နှုတ်ကပတ်တော်ဖြစ်သည်။ကျွန်တော်မဟုတ် ပါ။ ‘ငါ့စကားကို ကြားနာသောသူမှာ ကိုယ်တော်ကိုယုံကြည်လျှင်ထာဝရအသက်ကိုရမည်’ အကြောင်းမှာ ဘုရားသခင်၏ တပါးတည်းသောသားတော်ကိုယုံကြည်သောကြောင့်ဖြစ်ပါသည်။

သင်တကယ်ဘဲ ယုံကြည်လျှင်အပြစ်၏မေးခွန်းမှာ ပြီးဆုံးသွားပါပြီ ... တရားစီရင်ခြင်းမခံရတော့ပါ။ သို့သော် သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသည်။ ထိုအကြောင်းမှာ ယေရှုခရစ်တည်းဟူသောဘုရားသားတော်က မိန့်တော်မူ ခြင်းဖြစ်ပါသည်။ ထိုအရာမှာ ကယ်တင်ခြင်းအစီအစဉ်ဖြစ်ပါသည် ‘ငါ၏ စကားသံကိုကြားရသောသူမှာ စေလွှတ်တော်မူ သောငါ့ကိုယုံကြည်ခြင်းဖြစ်၍(ယခုပင်လျှင်) သေခြင်းမှအသက်ရှင်ခြင်းသို့ကူးပြောင်းရပါသည်။ သင်ယုံကြည်နိုင်ပါသလား။ လက်ထောင်၍ပြောပါ။ကျွန်တော်ယခုယုံကြည်ပါပြီ။ ကိုယ်တော်။ ကျွန်တော်၏မယုံကြည်ခြင်းကိုမစတော်မူပါ’

86 ၈၆။ ရှေ့ဆက်မသွားမှီအပြစ်သားတဦးရှိပါသည်။ ဘုရားသခင်နှင့်အတူရှိပါစေ။ ညီမ။ စပိန်ညီမ။ ဘုရားသခင်ကောင်းချီးပါစေ။ နောက်တယောက်ရှိသေးသလား ...။ဘုရားကောင်းချီးပေးပါစေညီမ။ ဟိုမှာရှိတဲ့ စပိန်အမ။ ဘုရားကောင်းချီးပေး ပါစေ။ဖြစ်ရလေ ... စပိန်လူတွေကြားမှာ ဘုရားကကျွန်တော်ကိုကောင်းမြတ်သော သာသနာပြုခြင်းကို ပေးထားပါတယ်။စပိန်လူမျိုးများအကြားမှာ ကိုယ်တော်က ကျွန်ုပ်တို့ကို ပေးထားပါတယ်။ တညလုံး ‘Gloria a Dios’ ကိုကြားနေရပါတယ်။

လမ်းလွဲသွားပြီးပြောပါတယ်။ဘရာသာဗရမ်ဟမ်ယေရှုကို ကျွန်တော် ကောင်းကောင်းမဆက်ဆံဘူး။ အမှန်တရား ကိုကျွန်တော်မလုပ်ခဲ့ဘူး။ လုံးဝအရှုံးမပေးတဲ့ အသက်တာမျိုး ကျွန်တော်အသက်မရှင်ခဲ့သောကျွန်တော်သိတယ်။ ဘရာသာဘရမ်ဟမ် ဒီညဆုတောင်းတဲ့အခါမှာ ကျွန်တော်ကိုသတိရပါ။ကျွန်တော်ကိုလုံးဝအရှုံးပေးအပ်နှံတဲ့အသက်တာ မျိုးကို ဘုရားပေးပါမည် အကြောင်းဆုတောင်းပေးပါ။ ‘သင့်အား တွေ့မြင်သော ဘုရားကိုသင်လက်မြောက်၍ ဆုတောင်း ပါလား။ဘုရားကောင်းချီးပေးပါစေ။ ဘုရားကောင်းချီးပေးပါစေ။ မှန်ပါတယ်။ နေရာတိုင်းမှာရှိသောသူများ’

87 ၈၇။ ကျွန်တော်တို့ယခုလုပ်မည့်အရာမှာ ... တယောက်မှမပြန်ကြပါနဲ့။ကျေးဇူးပြု၍ ခဏလောက်အားလုံးမတ်တပ်ရပ် ပြီး တကယ်လေးစားစွာနဲ့ဆုတောင်းကြပါ။

(အရှိအတိုင်းကျွန်ုပ်လာပြီ)

ဒီသီချင်းအပိုဒ်ကလေးကိုကျွန်တော်တို့ဆိုနေစဉ် ... သင်တို့ ကျွန်တော်ကိုမသိပါ။စည်းဝေးတခါမှ မတက်ဘူးသူ များဖြစ်ပါသည်။ သင့်ကိုကယ်တင်မည်မဟုတ်ပါ။သင့်ကိုကူညီပါမည်။ ဒီပလက်ဖေါင်းပေါ်တက်လာပါ။ ဒီမှာရပ်ပါ။ သင့်လက်ကိုကျွန်ုပ်ကိုင်ပါရစေလား။ သင်ရပ်၍ ပရိသတ်ဖက်လှည့်ဆုတောင်းပြီး ယေရှုကိုမိမိ၏ကယ်တင်ပိုင်ရှင်အရှင်သခင်အဖြစ် လက်ခံပါလား။ သင်တကယ်လိုပါသလား။ ငါတို့သီချင်းဆိုနေစဉ်မှာအပြစ်သားများအားလုံး တက်လာပြီး ယေရှုကိုအပြစ် ဝန်ချတောင်းပန်ပါ။ကျွန်တော်တို့သီချင်းဆိုနေစဉ်မှာ ကောင်းပါတယ်။

...(ဒီကိုခဏလာပါ)...

အို ဘုရားသခင်၏ သိုးသူငယ်တော် ... (ဒီဖက်လာပါ)

ယခုလာပါ။ ကျန်လာချင်တဲ့လူတွေလာပါ။အပြစ်သားများ ဝန်ချတောင်းပန်ကြပြီး ယခုယေရှုကိုလက်ခံပါလား။ ကိုယ်တော်က ပြောပါတယ် ‘သင်တို့ငါ့ကို လူတို့ရှေ့မှာ ဝန်ခံချင်ပါသည်။ သင်တို့အားငါ့ခမည်းတော်ရှေ့မှာ၄င်း သန့်ရှင်း သောကောင်းကင်တမန်များရှေ့မှာ၄င်း ဝန်ခံပါမည်။လူတို့ရှေ့မှာ ငါ့ကိုဝှက်လျှင် ငါလည်းသင်တို့ကို အထက်အရပ်မှာဝှက် မည်။ ဘုရားကောင်းချီးပေးပါစေညီမ။’

.... ကျွန်ုပ်လာပြီ၊ ကျွန်ုပ် .....

88 ၈၈။ ခင်ဗျားတို့ကိုယခုမေးချင်ပါတယ်။ ဒါကိုကြည့်ပါ။ အပြစ်သား၏မိတ်ဆွေများ ခေါင်းငုံ့လျက်ရပ်နေပါသည်။သူတို့ ဆုတောင်းနေကြပါတယ်။ သူတို့က ဘုရားကိုသူတို့အားခွင့်လွှတ်ရန်တောင်းဆိုကြပါသည်။ သေချာပါသည်။ ဘုရားကခွင့် လွှတ်ပါမည်။ ကိုယ်တော်ခွင့်လွှတ်ရပါမည်။ သူ၏နှုတ်ကပတ်တော်ကို သူစောင့်ထိန်းရပါမည်။သူကမလွဲမသွေမောင်းထုတ် ပါမည်။ ခမည်းတော်က ငါ့အားပေးအပ်သူများ ငါ့ထံသို့လာပါမည်။သူတို့လုပ်သောအရာပင်ဖြစ်ပါသည်။

ဘုရားက ဤစပိန်အမ ဒီကိုလာတဲ့အတွက်ကောင်းချီးပေးပါတယ်။ ဘုရားကောင်းချီးပေးပါစေ။ ကျွန်တော်ညီမ။ သင်ကဘဝမှာကောင်းမှုများစွာပြုခဲ့ပါသည်။ သို့သော် သင့်ဘဝမှာ သင်ကအကောင်းဆုံးအရာကို ယခုပြုလုပ်ခဲ့ပါသည်။ ရှေ့ထွက်၍ ယေရှုခရစ်တော်ကိုလက်ခံပါ။

ဘာဖြစ်သလဲ သင်သိပါသလား။ကျွန်တော်ပြုလုပ်ရန်ကြိုးစားသည့်အရာဖြစ်ပါသည်။ ဘုရားနှင့်ပထမဆုံးအဆင်ပြေအောင်လုပ်ပါ။ သူက ဒါကိုတွေ့သောအခါ ကောင်းကင်မှာဝမ်းမြောက်ခြင်းခေါင်းလောင်းများမြည်နေပါသည်။ နောက် အပတ်မှာ အလွန်ကြီးမြတ်သော အနာရောဂါငြိမ်းခြင်းစည်းဝေးကို ကိုယ်တော်မေးပါသည် (သင်ကြည့်ပါ) ကားတိုင်တော် သို့အပြစ်သားများလာသည်ကိုကိုယ်တော်တွေ့ရပါသည်။

89 ၈၉။ ကျွန်တော်ယခုပြောချင်ပါသည်။ အသင်းတော်၏အသင်းသားကိုပြောလိုပါသည်။ သင်တို့ ခံစားချက်များကိုကျွန်တော်မထိခိုက်စေလိုပါ။ လွန်ခဲ့သာနှစ်ပတ်ခန့်က ကျွန်တော်မှာ အတွေ့အကြုံကလေးတခုရှိခဲ့ပါသည်။ အလွန်ကောင်း သော မိန်းမငယ်တဦးနှစ်သက်ဖွယ်ကောင်းသောဘုရားကျောင်းကိုသွားပါသည်။ မက်သဒစ်အသင်းတော်ပါ။ မိန်းမမှာလည်းအလွန်ချစ်စရာကောင်းသော မိန်းကလေးပါ။ သူမသွားရပါမည် ...ကျွန်တော်အမြဲတမ်း အမျိုးသမီး၏အတွေ့အကြုံကို သံသ ယဖြစ်ပါသည်။ သူသွားရခြင်းမှာသူ၏ဖခင်မိခင်သွားခြင်းကြောင့်ဖြစ်ပါသည်။ သူမဖခင်မှာ အသင်းတော်မှာ သင်းထောက်ဖြစ်ပါသည်။ သူမစန္ဒယားတီးသင်ပါသည်။ သူမမှာ အလွန်တော်သော စန္ဒယားဆရာမပါ။

လူကောင်းကလေးတဦးပါ။ လူကလေးမှာ တကယ်ဘဲသန့်ရှင်းသောဝိညာဉ်တော်ကို ရရှိကြောင်း ကျွန်တော်ယုံ ကြည်ပါသည်။ သူကသူမကိုချစ်ပါသည်။ သူတို့လက်ထပ်လိုက်ကြသည်။ လွန်ခဲ့သော ရက်သတ္တပတ်က ကင်တာတီမှာလူဝစ်ဗီးလ်မှာဖြစ်ခဲ့ပါသည်။ ထိုအမျိုးသမီး ... သင်းအုပ်ကို ကျွန်တော်ကောင်းကောင်းသိပါသည်။ထိုမိန်းမ၏ - အတွေ့အ ကြုံကို ကျွန်တော်သံသယဖြစ်မိပါသည်။ သူမမိခင်နှင့်အတူသူမရှိခဲ့သည်။ လမ်းမှန်ကိုလျှောက်ခဲ့သည်။ သို့သော် သူမမှာ အသိဉာဏ်ဆိုင်ရာယုံကြည်ခြင်းသာရှိပါသည်။ သေချာနားထောင်ကြည့်ပါ။ အရေးကြီးပါသည်။ ဝိညာဉ်များအစွန်အဖျား မှာရောက်နေပါပြီ။

90 ၉၀။ ကျွန်တော်တွေးမိပါသည်။ကျွန်တော် သူမ၏တရားစီရင်သူမဖြစ်လိုပါ။ သို့သော် သူမအပြုအမူကို ကျွန်တော်သတိပြုမိပါသည်။ ခရစ်ယာန်နှင့်မတူပါ။ နှစ်အနည်းငယ်အကြာမှာသူမပတ်ဝန်းကျင်မှထွက်ခွာသွားခဲ့သည်။ လောကဆန်သော ဘုရားကျောင်းရှိရာအခြားပတ်ဝန်းကျင်တခုကို ပြောင်းရွှေ့သွားခဲ့သည်။ အမျိုးသမီးများအားလုံး ... ကောင်းကောင်းဝတ် စားဆင်ယင်မှုမပြုကြပါ။သူတို့ဝတ်ချင်သလိုဝတ်ကြသည်။ အပြင်ထွက်ပြီး မြက်ခင်ပြင်ကိုရိတ်ကြသည်။မိန်းမဆန်ကြပါ။

သူမအံ့သြသွားပါသည်။သူတို့ထိုသို့ပြုလုပ်ပြီး သွားနိုင်ပါက သူတို့က ကျမကိုဘဲ စဉ်းစားကြမှာပါ။ ဒါဆိုကျမလည်း ဘာကြောင့်မလုပ်နိုင်ရမှာလဲ။

အို ထိုသို့မစဉ်းစားပါနှင့်။အဲဒါဘာကိုဖော်ပြသလဲဆိုရင် ... ဒီမှာတခုခုလိုနေလို့ပါဘဲ။သန့်ရှင်းသောဝိညာဉ်တော် ကသင့်ကိုတမျိုးသွန်သင်ပါမယ်။ မိတ်ဆွေ။

91 ၉၁။ သို့သော်သူမ စတင်ပါတယ်။ သူမအကြောင်းပြပါတော့သည်။ လူတဦးမှာ ဝိညာဉ်ရှိပါက ထိုဝိညာဉ်ကဘုရားနှုတ်ကပတ်တော်ကို သင်ချင်မည်မဟုတ်ပါ။ ယုံကြည်ပါမယ်။ သို့သော် အသိဉာဏ်ကဘုရားနှုတ်ကပတ်တော်ကိုအကျိုးအ ကြောင်း သင်ချင်ပါမည်။ အဲဒါအစွန်းရောက်လွန်းခြင်းဘဲဖြစ်ပါတယ်။ ထိုသို့လုပ်မလုပ်ကို ကျွန်တော်မသိပါ။သတိထားပါ။ အဲဒါက ကျမ်းစာကလာခြင်းဖြစ်ပါက သင်ရှာကြည့်ပါ။ သင်၏ဝိညာဉ်ကသန့်ရှင်းသောဝိညာဉ်တော်ကိုရပါက ရှာဖွေ၍ အ သိအမှတ်ပြုပါမည်။

ဆက်၍သွားပါသည်။ မကြာမီမှာ ဘာဖြစ်သလဲသင်သိပါသလား။ သူမက ဖဲကစားသည်။ စုဝေး၍ ပွဲကလေးများလုပ် သည်။ ထိုနေရာသို့ကြည့်ကောင်းသော လူငယ်တစ်ဦးပြောင်းရွှေ့လာသည်။ထိုသူနှင့်သူမချစ်ကြိုက်သွားကြသည်။ ခင်ပွန်း ကိုထားခဲ့ပြီထိုသူနှင့်လက်ထပ်လိုက်သည်။

သူမက စဉ်းစားပါသည်။ အခြားမိန်းမများလည်းလုပ်ပါသည်။ သူတို့ဘုရားကျောင်းထဲမှာ ပါဝင်ပါသည်။ ဘာကြောင့် ငါမပါဝင်နိုင်ရမှာလဲ။အဲဒါအကြောင်း ဆင်ခြင်ခြင်းပါဘဲ။

သူမကပြောပါသည် ‘ကျွန်မက အရင်ကလိုဘဲအသင်းတော်ရဲ့အသင်းသားပါဘဲ။ ကျမက ခရစ်ယာန်ဖြစ်ခဲ့သလို ယခုလည်းဖြစ်နေတာပါဘဲ။အခြားအမျိုးသမီးများလည်း ထိုသို့ပင်ဖြစ်၍ ကြည့်ပါ။ သူတို့ဘယ်လိုစဉ်းစားကြပါသလဲ’ လူ တွေ စဉ်းစားသလို သင်ဘယ်တော့မှ မစဉ်းစားပါနှင့်။ဘုရားစဉ်းစားသလိုစဉ်းစားပါ။ ဘုရားဘာပြောပါသလဲ။

မကြာမီမှာ သူကသက်သေပြပါသည် ... သူကသူ၏ဇနီးတဦးကို စွန့်ပစ်ပါက နောက်တဦးကိုလည်းစွန့်ပစ်ပါမည်။ သူက သူမကိုစွန့်ပစ်၍ သူမတဖန်လက်ထပ်ပြန်သည်။ ၄င်းနောက် ထိုသူသူမကိုစွန့်ပစ်ပါသည်။ သူမက သာမန်-ဥပဒေ ခင်ပွန်းနှင့် အတူနေပါသည်။ သူမနောက်ဆုံးမှာရောဂါရပါသည်။ မအင်္ဂါမှာ ကင်ဆာရောဂါဖြစ်သည်။

92 ၉၂။ ဂျက်ဖာဆင်ဗီးလ်မှာနှစ်ခြင်းဘုရားကျောင်းရှိပါတယ်။ သင်းအုပ်ဆရာမှာ မက်သဒစ်ဖြစ်၍ ညီအစ်ကိုကောင်းတဦးဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကို ကင်တာတီ၊ Wilmore Asbury ကောလိပ်က ရထားပါတယ်။ ဒီမိန်းမက မက်သဒစ်ဖြစ်၍ သူက သူမအတွက် အလွန်စိုးရိမ်ပါတယ်။ သူက သူမကိုသွားကြည့်ပါတယ်။ သူမကစီးကရက်တလိပ်ပြီးတလိပ် ဖွာနေသည်။ သာမန် ဥပဒေယောကျာ်းနှင့်အတူနေထိုင်ပါတယ်။ သူကသူမကိုအိပ်ရာပေါ်မှာစောင့်နေပါသည်။ ဆရာဝန်က 'သူမသေမည်' ဟုပြောပါသည်။

ဘရာသာနက်ဗီလ်ကပြောပါသည် 'ငါလည်းလိုက်သွားပြီး သူမကိုစကားပြောရင် သူမနောင်တရကောင်းရပါမယ်' သူကပြောပါသည် 'ဘရာသာဗရမ်ဟမ် လာလို့ရှိရင် သူ့ကိုငါခေါ်ပြီး သူမကို သူဘာပြောသလဲဆိုတာငါသိလို့ဘဲ။ သူမကို အနာရောဂါငြိမ်းစေရန်အတွက်ဖြစ်ပါမည်' သူကြိုးစားပါသည်။ညီအစ်ကိုကောင်းတဦးပါ။

သူသွားပြီးပြောပါသည် 'ညီမမင်းကမက်သဒစ်လို့ငါနားလည်ပါတယ်'

သူမက 'ဟုတ်ပါတယ်'

သူက 'ကျွန်တော်ခင်ဗျားကိုတခုဘဲမေးချင်ပါတယ်။ သေဖို့ရန်အဆင်သင့်ဖြစ်ပြီလား'

'သေချာပါတယ်ဖြစ်နေပါပြီ'

93 ၉၃။ သူကဆက်ပြောပါသည် 'အမရဲ့ခံစားချက်တွေကို ကျွန်တော်မထိခိုက်စေချင်ပါဘူး။ သင့်ရဲ့ကိစ္စကိုကျွန်တော်က စပ်စုနေတယ်လို့မထင်ပါနဲ့။ သင်ပြောသလို ဝီစကီသောက်ပြီး စီးကရက်ဖွာ၍ယောကျာ်းတဦးနဲ့နေတယ် ...'

'အဲဒါရှင့်အတွက် ဘာဖြစ်လို့လဲ'

'အမှုတော်ဆောင်တဦးအနေနဲ့ခင်ဗျားကို လာပြောတာပါ။ ခရစ်ယာန်တဦးအနေနဲ့ အဲဒီလိုမဖြစ်သင့်ပါဘူး'

သူမ 'သခင်ယေရှု ခရစ်တော်ကိုကျွန်မယုံကြည်ပါတယ်။ အဲဒါနဲ့အားလုံး ဖြေရှင်းပြီးသားပါ။ ကျမ ဘုရားကျောင်း သွားတယ်။ ကျမအဖေက သင်းထောက်ပါ။ အသင်းတော်မှာ ကျမနှစ်ပေါင်းများစွာ စန္ဒယားတီးခဲ့ပါတယ်။ကျမကိုယ်ကျမ တော့ ဖြောင့်မတ်တယ်လို့ခံစားရပါတယ်'

94 ၉၄။ အဲဒါဘာလဲ 'အပြစ်လုပ်သောဝိညာဉ်မှာသေရမည်' သူမအထဲမှရှိသော အတွင်း သြတ္တပ္ပစိတ်ကသူမမှားကြောင်း ပြောပါသည်။ ဒီညသင့်ကိုလည်း တစုံတရာပြောနေပါမည် .. သူမကသူမ၏အသိပညာပိုင်းဆိုင်ရာ အစိတ်အပိုင်းများသို့ သွားပါသည်(သူမစိတ်ဖြင့်ယုံကြည်ခြင်းဖြစ်သည်) သန့်ရှင်းသောဝိညာဉ်တော်ကိုစိန်နာစေခြင်းဖြစ်ပါသည်။ ဝိညာဉ်တော် က သူမကို စကားမပြောတော့ပါ။ သူမမှန်သည်ဟုသူမထင်ပါသည်။ သူမယုံကြည်နိုင်သလောက် ယုံကြည်ရပါမည်။ သူမစိတ် ဖြင့်ယုံကြည်ပါသည်။ ဘရာသာနက်ဗီးလ်က လျှောက်ထွက်သွားပါသည်။

သူ ကျွန်တော်ကိုပြောသောအခါကျွန်တော်ပြောပါသည် 'သူမကိုကြည့်ပါ။ လမ်းဆုံးရောက်နေပါပြီ။ ကြည့်ဘဲကြည့်နေပါ'

သူတို့က လမ်းဆုံးမှာရောက်နေပါပြီ။သူမကထိုင်နေပါသည်။ သူမရဲ့စီးကရက်တွေကိုချထားလိုက်ပါ။ သူမက နောက်ပြောင်၍လူများနှင့်စကားပြောနေပါသည်။ မကြာမှီမှာ ... သေခြင်းတရားသူမပေါ် ရောက်လာပါသည်။မျက်ဖြူလွှန် ၍ သူမကြည့်နေသည်။

ဘာဖြစ်တာလဲ။ဦးနှောက်ပိုင်းဆိုင်ရာပျက်စီးသွားသည်။ သင့်စိတ်က ဦးနှောက်နှင့်အတူသွားပါသည်။သင့်စိတ် မဟုတ်ပါ။ သင့်အသိဉာဏ်ဖြစ်ပါသည်။ သို့သော် သင်ပြောရန်ကြိုးစားသောအရာမှာ 'အဲဒါက ပြီးခဲ့တဲ့အချိန်တွေကပါ။ ဒါတွေနဲ့ ဒါတွေပါဘဲ။ ကျွန်တော်တို့အတွက်မဟုတ်ပါ' သတိပြုကြည့်ပါ။ သန့်ရှင်းသော ဝိညာဉ်တော်ကသမ္မာကျမ်းစာ၏ စကားလုံးတိုင်းကို လက်ခံပါသည်။ မှန်ပါသည်။

95 ၉၅။ ယေရှုကိုမနေ့၊ ယနေ့နှင့် ထာဝရ ကာလယုံကြည်ပါသည်။ ကိုယ်တော်က အသင်းသားတိုင်းတွင်ရှိကြောင်းယုံ ကြည်ပါသည်။ သူမက ထိုနည်းဖြင့် ထိုနည်းဖြင့် ဝိညာဉ်တော်ကိုစိတ်နာစေပါသည်။သို့သော် သူမသေခါနီးသောအခါ ဤ အသိဉာဏ်ပိုင်းဆိုင်ရာများ ပျက်စီးသွားပါသည်။

သူမတော့ကြည်၍ပြောပါသည် 'ကျမရဲ့ဘုရားသခင် ကျမပျောက်ဆုံးပါပြီ။ ဘယ်မှာလဲ ... ကျမကိုတရားဟောဆရာ ရှာပေးပါ။ မြန်မြန်လုပ်ပါ။သူမရဲ့သင်းအုပ်ဆရာက ရပ်နေပါတယ် ... '

'သူ့ကိုမလိုချင်ဘူး။အဲဒီလူလိမ်ကိုမလိုချင်ဘူး'

သူမ၏သင်းအုပ်ဆရာကပြေး၍ဆရာဝန်ခေါ်သည်။

'ဆရာ သူမအခြေအနေမကောင်းဘူး သူမကို hypoပေးရင်ကောင်းမယ်'

'Hypoကအလကားဘဲ ကျမပျောက်ဆုံးပြီး။ ပျောက်ဆုံးပြီ။ သူမကိုလျှပ်စစ်တို့သည်။ သူမကဆက်ပြောနေပါ သည်။' 'ကျမ .... ကျမ ....ကျမ....' နောက်ထပ်တခါတို့သည်။ 'ကျမ .....ကျမ.....ကျမ' ဒါဘဲပြောနိုင်ပါတော့တယ်။

ထိုဝန်ခံချက်ကို hypo ကရပ်ပစ်လိုက်ပါသည်။သို့သော် သူမက ထိုဝိညာဉ်နှင့်ထာဝရဆက်၍ ရှင်သန်ရပါမည်။ သူ မကို ချောက်လှန့်နေပါသည်။ညီအစ်ကို။ သင့်စိတ်ကသင့်အားပြောသည့်အတိုင်း အယူအဆမမှားပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်က ယခုပင်လျှင် သင့်စိတ်နှလုံးထဲမှာ ဘာပြောနေပါသလဲ။ သင်မည်မျှပင်ဘုရားကျောင်းတက်ခဲ့ပါစေ။ သင်က ဤအပြစ်သားများနှင့် အတူရှိနေပါမည်။ ဖြစ်ပါက ယခုလာပါ။ကျွန်တော်တို့ တခါထပ်ပြီး သီချင်းဆိုပါမည်။

96 ၉၆။ အရှိအတိုင်း...(မလာဘူးလား။ သင်ကကြီးမားသော ... ရှေ့ထွက်ပြီး ကျွန်တော်ကိုလက်ဆွဲနှုတ်ဆက်တာပါ။ ပလ္လင်နားမှာကျွန်တော်နှင့်အတူရပ်ပါ။ ကျွန်တော် ဘုရားနဲ့နီးစပ်လိုပါတယ်။ ဘရာသာဗရမ်ဟမ်လာမှာလား။ အဲဒီမှာတင် ပြီးမသွားပါနဲ့။ သင်မှားတာကြာပြီဆိုတာ သင်သိပါပြီ။ ယခုပင်ဝန်ချပါ။

.... ကျွန်ုပ်အတွက်

ကျွန်ုပ်ကို ကိုယ်တော်ထံလာစေပါ။

အို ဘုရားသခင် သိုးသူငယ်တော်မြတ်။ကျွန်ုပ်လာပြီ။ ကျွန်ုပ်လာပြီ။

97 ၉၇။ ကျွန်တော်တို့ခေါင်းငုံ့ဆုတောင်းကြပါစို့။အမျိုးသမီးသုံးဦး၊ အမျိုးသားခြောက်ဦး ပလ္လင်ရှေ့မှာရပ်နေပါသည်။ ခေါင်းငုံ့ဆုတောင်းနေကြပါသည်။ တရားစီရင်ရာနေ့မှာ သူတို့ရှေ့မှာ ကျွန်တော်ရပ်နေပါမည်။ ယခုသူတို့ကို ကျွန်တော်ပြောသော အရာကို အဖြေပေးရပါမည်။ အဲအဲဖြစ်ပါသည်။ ကျွန်တော်အရှက်တကွဲ မဖြစ်ရေန်ဖြစ်ပါသည် မိတ်ဆွေများ။

သင့်အားဖြင့် သင်ဒီနေရာကို မလာနိုင်ပါ။စာတန်က သင့်ကိုအခွင့်မပြုပါ။ သင်လာရခြင်းမှာ တစုံတရာက သင့်ကိုပြောသောကြောင့်ဖြစ်ပါသည်။ ယေရှုဖြစ်ပါသည်။ သူက သင့်ကိုဒီနေရာကိုခေါ်လာပါသည်။သူကပြောပါသည် ‘ငါ့ထံသို့ လာသောသူသည် ငါသူကိုမောင်းထုတ်မပြစ်ပါ’ သင်၏နောက်ပိုင်း အသက်တာဘာဘဲဖြစ်ခဲ့ပါစေ ကိစ္စမရှိပါ။

ယခုနှိမ့်ချစွာအတူတကွ ဆုတောင်း၍အပြစ်များကို ဝန်ချတောင်းပန်ကြပါမည်။ ဘုရားသခင်က သင့်အပြစ်များကိုလွှတ်မည်အကြောင်း ယုံကြည်ပါ။ သူကပြောသောကြောင့်ဖြစ်ပါသည်။ ‘လာပါသင်၏အပြစ်များမှာ နီမောင်း၍ပန်းပွင့်ကဲ့ သို့ဖြူစင်ပါမည်။ နီရဲနေပါစေမိုးပွင့်ကဲ့သို့ဖြူစင်ပါမယ်’

သင်ဘာလဲလုပ်ခဲ့ပါစေ။သင့်ဝမ်းနည်းကြောင်း ဘုရားကိုပြောပါ။ သူက သင့်ကိုဒီအပေါ်ခေါ်ပါသည်။ သင့်ဖာသာသင်လာမည်မဟုတ်ပါ။ သင့်ကိုသူခေါ်ပါသည်။ ‘လာသောသူကို ငါမစွန့်ပစ်ပါ’ သူလုပ်ပါမည်။ ယုံကြည်ခြင်းသာရှိပါ။ ကျွန်တော်တို့ဆုတောင်းသောအခါကျန်လူပရိသတ်များလည်း ကျွန်တော်တို့နှင့် အတူလိုက်၍ ဆုတောင်းပါ။

98 ၉၈။ ကောင်းကင်ဘုံရှင်အဖ၊ဒီည လူတွေကို ငုံ့ကြည့်လိုက်တဲ့အခါမှာ ဒါတွေကိုတွေ့ရပါတယ်။ ကိုယ်တော်ရွေးချယ်ထားသော သားသမီးများဖြစ်၍ ကိုယ်တော်၏အသံတော်ကိုကြားရပါသည်။ ယနေ့ညအသံတော်အားဖြင့်ရှေ့ထွက်လာ၍ ခရစ်ယာန်ဖြစ်လိုပါသည်။ ဘာကွာခြားချက်ပြုလုပ်ပါမည်နည်း။ဆုတောင်းခြင်းဖြင့် ဘာဖြစ်လာပါသလဲ။ သေခြင်းမှအ သက်ရှင်ခြင်းသို့ကူးပြောင်းလာပါသည်။ ဘုရားသခင် ကျွန်တော်ဆုတောင်းတဲ့အခါမှာ တဦးစီအပေါ်ကိုယ်တော်လက်တင် ပါမည့်အကြောင်း ဆုတောင်းပါတယ်။ သူတို့ကိုဘိသိက်ပေးတော်မူပါအဖ။ကိုယ်တော်၏ကောင်းချီးများဖြင့် မစတော်မူပါ။ အပြစ်အားလုံးကို ယူဆောင်၍သူတို့ဝန်ချတောင်းပန်သည်နှင့်အမျှ မစတော်မူပါ။ သူကပြောပါသည် ‘သူအပြစ်ကိုဝန်ချ တောင်းပန် ထိုသူကိုဘုရားသခင်က ခွင့်လွှတ်ရန် ဖြောင့်မတ်ခြင်းရှိပါသည်’

ယခုပင်လျှင် သူတို့နှလုံးသားထဲမှာသူတို့ပြောဆိုနေကြပါသည် ‘ဘုရားသခင် ကျွန်ုပ်အပေါ်ဂရုဏာသက်တော်မူ ပါ’ အခွန်ခံကဲ့သို့ သူအိမ်ပြန်သွားသောအခါ ဖြောင့်မတ်ရာသို့ရောက်ပါသည်။ကိုယ်တော်မစတော်မူပါလို့ ကျွန်တော်ဆုတောင်း ပါတယ်။ ကိုယ်တော်အမှုပြုပါမည်။ အကြောင်းမှာ ကိုယ်တော်ကတိတော်ရှိသောကြောင့်ဖြစ်ပါသည်။ ကိုယ်တော်၏ကောင်း ချီးများသူတို့အပေါ်သက်ရောက်ပါသည်။

99 ၉၉။ ဤအမများကိုဒီမှာလုပ်ပါကိုယ်တော်။ မိန်းမဖြစ်ခြင်း၏ ဥပမာမှာ သူတို့၏ပတ်ဝန်းကျင်မှာသူတို့နေထိုင်ရာနေရာ မှာဖြစ်ပါသည်။ ကျန်သူများကို ကိုယ်တော်ဘိသိက်ပေးသောအလင်းများဖြစ်စေပါ။ မစတော်မူပါ။ အဖ။

ဤအုပ်စုထဲမှာ လူငယ်တဦးရှိပါသည်။ အိုဘုရားသခင် သူတို့အပေါ်မှာ လက်တင်၍ သာသနာ့အတွက်ဖြစ်စေပါ။ သူတို့ကိုခေ ူပါ။ ထိုအသက်တာမျိုး အသက်ရှင်ကြပါစေ။ သင်ကလူများအကြားမှ သူတို့ကိုသင်ကခွဲထုတ်ပါသည်။ကိုယ် တော်၏မိသားစုထဲသို့ သူတို့ထည့်သွင်း၍ မွေးစားပြီး သင်ကသူတို့ကိုခွဲထုတ်မည်ဖြစ်ပါသည်။ သူတို့ကို ဘိသိက်ပေး၍ ဘုရင်များနှင့်ယဇ်ပုရောဟိတ်များ သင်၏နိုင်ငံတော်ကို အုပ်ချုပ်ပါမည်။ သူတို့ကို သာသနာများပေး၍အခြားသူများကို ခရစ်တော်ထံယူဆောင်လာကြရပါသည်။ မစတော်မူပါ ကိုယ်တော်။ သူတို့ဤနေရာမှာ ခေါင်းငုံ့လျက်ရပ်နေကြပါသည်။

100 ၁၀၀။ ဒီမှာကိုယ်တော်၏ကတိတော်ရှိပါသည်။ ‘ကိုယ်တော်ထံလာမည့်သူမှာ ဘယ်တော့မှမောင်းထုတ်ခြင်းမခံရပါ။ သူ၏အပြစ်ကို သူဝန်ခံလျှင် သူတို့ကိုခွင့်လွှတ်ရန်အဆင်သင့်ဖြစ်ပါသည်။ ငါ၏နှုတ်ကပတ်တော်များ ကြားနာသောသူမှာ ငါ့ကိုစေလွှတ်သူကိုယုံကြည်သူဖြစ်၍ ချက်ချင်းထာဝရအသက်ရပါသည်။ တရားစီရင်ခြင်းမခံရပါ။ သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးမြောက်ရသော အခွင့်ကိုရပါသည်။’

အဖ သူတို့ ကိုယ်တော်ထံစိတ်ထားမှန်ကန်စွာ တက်လာပြီးနှိမ့်ချစွာဖြင့်လာပါ။ ကျွန်တော့်မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောရပါမည်။ ‘ညီအစ်ကို ဘုရားနှင့်အလုပ်လုပ်ခြင်းကိုဆိုလိုပါသည်။ကျွန်တော်က တကယ်စစ်မှန်သော ခရစ် ယာန်အသက်တာ ကို လိုအပ်ပါသည်။

ကျွန်တော်၏အသက်တာမှာခရစ်တော်အတွက်ဖြစ်ပါသည်'

ဘုရားရှင်က ယနေ့ညမစတော်မူပါ။ ယခုပင်အပြစ်အားလုံး အသွေးတော်အောက်သို့ ရောက်စေပါ။ ယေရှုခရစ် ဘုရားသားတော်၏နာမ၌

101 ၁၀၁။ ယခုကျွန်တော်တို့ ခေါင်းငုံ့လျက် ပင်တေပလ္လင်မှာရှိပါသည်။ ကျွန်တော်၏မိတ်ဆွေဒီမှာရေတွက်ပေးသောအရာ ရှိပါသည်။ သင်ဆုတောင်းခြင်းကြောင့်မဟုတ်ပါ။ သင်၏အပြစ်များကိုဝန်ချတောင်းပန်လိုပါက ဘုရားက သူတို့ကိုခွင့်လွှတ် ပါမည်။ သင်ကဝန်ချတောင်းပန်ပါကဘုရားနှုတ်ကပတ်တော်မှန်ကန်ကြောင်း သင်ယုံကြည်ပါ။ ကိုယ်တော်ရှင်မိန့်တော်မူပါသည်။ 'သင်ဝန်ချတောင်းပန်ပါ။ သူတို့ကိုငါခွင့်လွှတ်မည်'

ဘုရားသခင်က သင့်ကိုခွင့်လွှတ်ကြောင်းသင်ယုံကြည်ပါက ဘုရားကျေးဇူးတော်အားဖြင့် ဒီညဒီမှာရပ်၍ သင့်ကိုယ်သင်ဘုရားထံဆက်ကပ်ပါ။ ဒီနေရာမှာသင်သွားပြီး ခရစ်ယာန်အသက်တာကိုအကောင်းဆုံးအသက်ရှင်ရပါမည်။ သေခြင်းကသင့်ကိုလွှတ်မြောက်စေသည့်တိုင်အောင်ဖြစ်ပါသည်။သင်ယုံကြည်ပါက ကိုယ်တော်ကို သင်၏ကယ်တင်ရှင်အဖြစ်လက် ခံပါ။ ကတိပေးပါ။ လက်ထောင်ပြပါ။ပလ္လင်ရှေ့မှာရပ်နေသူများ လက်ထောင်မလား။ ဘုရားကိုကျေးဇူးတင်ပါတယ်။ လက်ထောင်ထားသူတိုင်း ယေရှုကိုလက်ခံကြပါသည်။

102 ၁၀၂။ ယခုသင်တို့ပရိသတ်ဖက်သို့လှည့်ပါ။ ပလ္လင်ရှေ့မှာရှိသောသူတိုင်း တယောက်စီပရိသတ်လှည့်ပါ။ယခု ပရိသတ်ကဒီနည်းလမ်းအတိုင်းကြည့်ပါသည်။ လက်ထောင်ပါ။ကျွန်တော်ညီအစ်ကိုမောင်နှမများ လူတွေဖြစ်စေပါ ...ကျွန်တော် ဆိုလိုတာက ယခု ဒီပလ္လင်မှာ ကျန်ညီအစ်ကိုများဒီမှာရှိပါတယ်။ သင်ကယေရှုကို သင်၏ကယ်တင်ပိုင်ရှင်အဖြစ်လက်ခံပါ သည်။

ဘုရားဘာပြောပါသလဲ။ 'လူတို့ရှေ့မှာငါ့ကိုဝန်ခံသောသူကို ငါ့ခမည်းတော်ရှေ့သန့်ရှင်းသောကောင်းကင်တမန် များရှေ့မှာ ငါဝန်ခံမည်။ အဲဒါက ဘာအဓိပ္ပါယ်ဖြစ်ပါသလဲ။ယနေ့ည သိုးသူငယ်၏အသက်စာစောင်မှာ အမည်များရေးသား ထားပါသည်။ သူတို့အပြစ်များကိုခွင့်လွှတ်ပါပြီ။ အဲဒါကျမ်းစာဘဲ အဲဒါဘုရားပြောတာဘဲလူဘယ်နှစ်ဦးကဒီထဲမှာပြော မှာလဲ။ လက်ထောင်ပြပါ။ အာမင်'

103 ၁၀၃။ သင်တို့တဦးစီအနည်းငယ်အချိန်ယူပြီး မိဿဟာယဖွဲ့လိုကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော်စကားတလုံးထပ်ပြောချင်ပါတယ်။ ဒီမှာရှိတဲ့လူကြီးမင်းတွေကို ပြောလိုပါတယ်။ပလ္လင်ရှေ့မှာရပ်နေသော ညီအစ်မများ ကျွန်တော့်ညီအစ်ကိုနှင့်ညီအစ်မများ။

အောက်ဖက်တောင်ပိုင်း .... ကျွန်တော်သိကြာနေပြီဆိုတာသိပါတယ်။ သို့သော် ဒီအတွက်နောက်ထပ်တညဘဲ ကျွန်တော်အချိန်ရပါတယ်။ အောက်ဖက်တောင်ပိုင်း ... ကျွန်တော်ခင်ဗျားတို့ကို လုပ်စေချင်တာကတော့ ဒါပါဘဲ။သင်ပလ္လင် ရှေ့မှာရပ်၍ကြည့်နေပါ။ ရှေးကာလက သူတို့မှာ ကျွန်ပြုသော အမှုရှိခဲ့ပါသည်။အာဖရိကမှ ဆင်းရဲသားအသားမဲလူများ (ဘိုဘာများ)ကိုခေါ်လာပြီးတောင်ပိုင်းမှလယ်သမားများကိုရောင်းချကြသည်။ သူတို့ကို ကျွန်များဖြစ်စေသည်။

ထိုဆင်းရဲသားများမှာ စိတ်ဓါတ်ကျ၍အိမ်နှင့်လည်းဝေးနေပြီး ဘာလုပ်ရမှန်းမသိကြပါ။ သူတို့လူများနှင့် သူတို့ဝေးကွာနေကြပါသည်။ ဘယ်တော့မှ ပြန်မသွားကြရတော့ပါ။ သခင်များ ၊ အလုပ်ပိုင်ရှင်များကသူတို့ကိုကြာပွတ်နှင့်ရိုက် သည်။ အလုပ်ခိုင်းသည်။ သူတို့ဘဝမှာခက်ခဲကြမ်းတမ်းလှပါသည်။

104 ၁၀၄။ လူငယ်တဦးသူတို့ထဲမှာရှိပါသည် ... ကျွန်တစ်ရာလောက်ပိုင်ဆိုင်သောကျွန်ပိုင်ရှင်တစ်ဦးဖြစ်ပါသည်။ ဤလူငယ်မှာအလွန်ကြည့်ကောင်းပါသည်။အမြဲတမ်းရင်ကော့လျက်နေသည်။ အချိန်မရွေး အာဖကိုလုပ်ရန် အဆင်သင့်ဖြစ် လျက်ရှိသည်။

ကျွန်ဝယ်သူများ ရောက်လာပြီးပြောသည် 'ဒီလူငယ်က ဘာကြောင့်ပျော်နေသလဲ။ ကျန်လူတွေထဲက သူ့ကိုအလုပ်ရှင်ခန့်ထားသလား'

'မဟုတ်ပါ။သူလည်း ကျွန်ပါဘဲ'

'ဘာလဲ ... သင်က သူ့ကိုတခြားသူတွေထက်ပိုကောင်းတဲ့အစာကျွေးတာလား'

'မဟုတ်ပါဆရာ။ ကျန်လူတွေနဲ့အတူတူဘဲ သူစားရပါတယ်'

'ကောင်းပြီသူဘာကြောင့် ပျော်ရွှင်နေတာလဲ။ သူ့ကိုသူပြုမူတာတွေမှာဘာဖြစ်လဲ'

'ဘာလဲဆိုတာပြောပြမယ်။ကျွန်တော်သိရတာကတော့ သူကမျိုးနွယ်စုဘုရင်ရဲ့သားတော် အိမ်ကနေဝေးကွာပေမယ့်သူကဘုရင်ရဲ့သားဆိုတာ သူ့ကိုယ်သူသိတယ်။ ကျန်လူတွေ စိတ်မပျက်အောင်သူကပြုမူရတာကောင်းမွန်ရပါတယ်'

105 ၁၀၅။ မိတ်ဆွေများဒီညဒီကနေ ထွက်ခွာသွားတဲ့အခါမှာ သင်တို့ဟာ ဘုရားသားသမီးများဖြစ်ကြပါတယ်။ သင်တို့ဒီမှာဧည့်သည်တွေပါ။ ဘုရင်ကြီးရဲ့ သားသမီးများကဲ့သို့ ပြုမူကြပါ။ ကျန်လူတွေထွက်လာပြီးသင်တို့ကို လက်ဆွဲနှုတ်ဆက်လိမ့် မယ်။

ကျွန်တော်တို့ သီချင်းဆိုနေစဉ်မှာသင်တို့ရပ်နေပါ။ တိုက်ပွဲပြီးပြီ။ ငါတို့သရဖူဆောင်းမည်။ အဲဒီသီချင်းရသလား။တိုက်ပွဲပြီးတဲ့အခါမှာ ငါတို့သရဖူဆောင်းမလား သင်တို့အဲဒီသီချင်းဆိုမှာလား။ကောင်းပြီ။ တိုက်ပွဲပြီးဆုံးသောအခါ ... ဘယ် နှယောက်ဆိုတတ်သလဲ ... ငါတို့သရဖူဆောင်းမလဲ။

သင်တို့အားလုံးရှေ့မှထွက်လာပြီးဒီလူတွေကိုလက်ဆွဲနှုတ်ဆက်ပါ။ ညာဖက်လက် မိဿဟာယပြုကြပါ။ အားလုံး အတူတကွ ဆိုကြပါ။

တိုက်ပွဲပြီးဆုံးသောအခါ

ငါတို့သရဖူဆောင်းမယ်

ဟုတ်ကဲ့၊ သရဖူဆောင်းမယ်

ဟုတ်ကဲ့၊ သရဖူဆောင်းမယ်

တိုက်ပွဲပြီးဆုံးသောအခါ

ငါတို့သရဖူဆောင်းမယ်

အသက် ......

ယခု လှည့်၍ တဦးကိုတဦးလက်ဆွဲနှုတ်ဆက်ကြပါ။

လူတိုင်းသီချင်းဆို၍ တဦးကိုတဦးလက်ဆွဲနှုတ်ဆက်ကြပါ။

....... သရဖူ၊ သရဖူဆောင်းမည်....

www.messagehub.info

ဒေသနာ ဝေငှသူ

ဝီလီယမ်မာရီယမ် ဗရမ်ဟမ်

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)